ကျောက်တန်းကျေးရွာ
ဒီးပင်လှရွာသစ်ကျေးရွာအုပ်စု၊ ပေါင်းတည်မြို့နယ်
ပဲခူးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း
## (ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျောက်တန်းကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပေါင်းတည်မြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဇွန် လ၊ ၂၀၁၈

## မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

**၁။ တည်နေရာနှင့် ပထဝီအနေအထား**

ကျောက်တန်းကျေးရွာသည် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ဇီးပင်လှ ရွာသစ်ကျေးရွာအုပ်စု ပေါင်းတည်မြို့နယ်၏ အရှေ့မြောက်ဘက် ပေါက်ခေါင်းမြို့နယ်နှင့် နတ်တလင်း မြို့နယ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားသော ရိုးမပတ်လမ်းပေါ်တွင်တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ကြာနီကန်အုပ်စု၊ အနောက်ဘက်တွက် နွားခြံကုန်းအုပ်စု၊ တောင်ဘက်တွင် မကျီးကုန်း အုပ်စု၊ မြောက်ဘက်တွင် သဲမဲအုပ်စုတို့ရှိပါသည်။ ကျေးရွာသည်မြေပြန့်နည်းပါးပြီး မြေနီကျောက်စရစ် တောင်ကုန်းလေးများအပေါ်တွင် တည်ရှိပါသည်။

**၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

ကျောက်တန်းကျေးရွာသည်နွေရာသီအချိန်ကာလတွင် (၃၀C) မှ(၄၅C)ထိ အပူချိန်မြင့်မားပြီး မိုးရာသီတွင် မိုးရေချိန်(၄၀)လက်မမှ (၆၀)လက်မထိ ရွာသွန်းပါသည်။ ကျောက်တန်းကျေးရွာသည် တောင်ကုန်းပေါ် တွင် တည်ရှိသော ကျေးရွာဖြစ်သည့်အတွက် သီးနှံ စိုက်ပျိုးရာတွင် ရေအရင်းအမြစ် အခက်အခဲ ရှိပါသည်။ ကျေးရွာတစ်ရွာလုံးအနေဖြင့် အိမ်ထောင်စုပေါင်း (၁၃၉)စုရှိပြီး အသုံးပြုနိုင်သည့် ရေတွင်းမှာ (၁၇)တွင်းသာရှိသည့်အတွက် သောက်သုံးရေလုံလောက်စွာ မရရှိဘဲ စိုက်ပျိုးရေး အတွက်လည်း အခက် အခဲရှိပါသည်။ ကျေးရွာသည် ဇီးပင်လှသစ်တောကြိုးဝိုင်း မြေတစ်ဝက်နှင့် နိုင်ငံပိုင် မြေလွတ် မြေရိုင်း တစ်ဝက်ပေါ်တွင် တည်ရှိပါသည်။ ကျေးရွာတည်ထားသော မြေသည် မြေနီ တောင်ကုန်းများ ဖြစ်သည့် အတွက် သီးနှံများစိုက်ပျိုးရာတွင် အကျိုးအမြတ်ဖြစ်ထွန်းမှု နည်းပါး ပါသည်။ သဘာဝအရင်း အမြစ်အနေဖြင့် မြေနီထွက်ရှိပါသည်။

**၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

ကျောက်တန်းကျေးရွာရှိ ဖွံ့ဖြိုးရေးအဖွဲ့အစည်း၊ အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ပရဟိတလူငယ်အဖွဲ့၊ ဓမ္မစကြာအဖွဲ့၊ ကောက်စိုက်အဖွဲ့၊ မိဘဆရာအဖွဲ့၊အရံမီးသတ်အဖွဲ့ စသည်တို့ရှိပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက်မှာကျေးလက်ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းထားရှိပါသည်။ကျေးရွာအတွင်းဖွဲ့စ ည်းထားရှိပြီးဖြစ်သော အဖွဲ့အစည်းများ အနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စည်းလုံးစွာ ပူးပေါင်း ဆောင်ရွက်ကြပါသည်။မိဘဆရာအသင်းမှာကျောင်းဆောင်ဖြစ်မြောက်ရေး၊အစိုးရအသိအမှတ် ပြုမူလ တန်းကျောင်းရရှိရေး၊ပညာတတ်များပေါ်ထွန်းလာစေရေးအတွက်မိဘများ၊ဆရာ၊ဌာနဆိုင်ရာ၊ငွေကြေး ထည့်ဝင်နိုင်သူများနှင့် ညှိနှိုင်းလုပ်ဆောင်မှုအားကောင်းသော အဖွဲ့ဖြစ်သည်။ပရဟိတအဖွဲ့သည် အသင်း ဝင်များအား တစ်အိမ်ထောင်လျှင် (၅၀၀)ကျပ် လစဉ်စုဆောင်ပြီး ကျန်းမာရေး၊လူမှုရေး အခက်အခဲ ရှိနေသူများ အားထောက်ပံ့ခြင်း၊ အတိုးမဲ့ငွေချေးခြင်း၊နာရေးကူညီမှုများ လုပ်ဆောင်ခြင်းတို့ကို အဓိက လုပ်ဆောင်နေသည့် လူငယ်အဖွဲ့အစည်းဖြစ်သည်။ဓမ္မစကြာအဖွဲ့မှာ နေ့ကြီး၊ရက်ကြီးများတွင် ရွတ်ဖတ် ကြခြင်း၊နာရေးတွင် ရွတ်ဖတ်ပေးခြင်းဖြင့် ဘာသာရေးအတွက်လုပ်ဆောင်နေသောအဖွဲ့ဖြစ်သည်။

ရပ်မိရပ်ဖ၊ အုပ်ချုပ်ရေးအဖွဲ့များသည် စီမံခန့်ခွဲမှုအားကောင်းသော အဖွဲ့များဖြစ်ပြီး ကျေးရွာဂုံးတံတားဖြစ်မြောက်ရေး၊ဘုန်းကြီးကျောင်းဆောက်လုပ်ရေး၊စာသင်ကျောင်းဖြစ်မြောက်ရေး အစရှိသည့် လူမှုရေး၊ဖွံ့ဖြိုးရေးကိစ္စရပ်များအားလုံးအတွက် စီမံခန့်ခွဲနေပါသည်။ ကောက်စိုက်အဖွဲ့မှာ ကောက်စိုက်သမများစုပေါင်းဖွဲ့စည်းထားပြီး ကောက်စိုက်ခရရှိသော ငွေများကို စုပေါင်း၍ ဘုန်းတော်ကြီးကျောင်း ပြုပြင်နိုင်ရန် ဆောင်ရွက်နေသော အဖွဲ့ဖြစ်သည်။အရံမီးသတ်တပ်ဖွဲ့မှာ နွေရာသီတွင် မီးဘေးအန္တရာယ်ကင်းဝေးစေရန်သတိပေးနှိုးဆော်ခြင်း၊မီးသုံးစွဲချိန်သတ်မှတ်ခြင်းစသည့်ဘေးကင်းလုံခြုံမှု အတွက် အဓိကဆောင်ရွက်သည်။

အဖွဲ့အစည်းများသည်စုစည်းဆောင်ရွက်လေ့ရှိကြပြီးချိတ်ဆက်မှုအားကောင်းပါသည်။သို့ရာတွင် စနစ်တကျစာရင်းထားရှိနိုင်မှု၊အစည်းအဝေးကျင်းပမှုနှင့် မှတ်တမ်းထားရှိနိုင်မှု၊ ပုံမှန် တွေ့ဆုံမှု စသော အဖွဲ့အစည်းအင်္ဂါရပ်နှင့် စနစ်ကျမှုဆိုင်ရာတို့တွင်အတွေ့အကြုံ၊ဗဟုသုတမရှိသဖြင့်အားနည်းနေကြောင်း လေ့လာတွေ့ရှိရသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

ကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးရာသီတွင် ယာမြေများ၌ နှစ်စဉ် မိုးနှမ်းနှင့်မိုးမြေပဲတို့ကို စိုက်ပျိုးနိုင်ကြပြီးလယ်မြေများတွင် မိုးစပါးကို အဓိက စိုက်ပျိုးကြပါသည်။ ထို့အပြင် ပဲစဉ်းငုံ၊ပဲကြီး၊ငြုပ်သီး၊ပဲတောင့်ရှည်၊ဖရုံ၊သခွါးနှင့် အခြားသော သစ်သီးဝလံများကိုလည်း စီးပွားဖြစ်စိုက်ပျိုးမှုများအပြင် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမှုများလည်း ရှိပါသည်။ ကျေးရွာတွင် မိုးစပါး လယ်စိုက်ပျိုးမြေ(၁၃၂)ဧကရှိပြီး၊ နွေစပါးအဖြစ်(၃၀)ဧက စိုက်ပျိုးနိုင်ပါသည်။ ဥယျာဉ်ခြံစိုက်ပျိုးနိုင်သော မြေ(၂၃၇)ဧကရှိပြီး၊ မိုးစပါးစိုက်ပျိုးပြီး လယ်ကွက် များပေါ်တွင် မတ်ပဲနှင့် နွေစပါးကိုလည်းသီးထပ်အဖြစ်စိုက်ပျိုးကြသည်။ မိုးစပါးထွက်နှုန်း(၁) ဧကထွက်နှုန်းမှာ ပျမ်းမျှ (၅၀)တင်း ဖြစ်ပြီး နွေစပါးထွက်နှုန်း(၁)ဧကမှာလည်း(၄၀)တင်းဖြစ်ပါသည်။

နွေစပါး၊မိုးစပါး၊ မတ်ပဲ၊ မြေပဲ၊ နှမ်းတို့ ဈေးကောင်းမရသဖြင့် တောင်သူလယ်သမားနှင့် ယာစိုက်တောင်သူများမှာ အကျိုးမြတ်ရရှိမှု နည်းပါးလျက်ရှိပါသည်။ မိရိုးဖလာ စိုက်ပျိုးလုပ်ကိုင်သော သီးနှံတို့ဖြစ်ပြီး သဘာဝဘေးအန္တရာယ်ဖြစ်သော မိုးများလွန်းခြင်း၊ မိုးခေါင်ခြင်း၊ ကြွက်၊ ပိုးမွှား ရောဂါများ ကျရောက်ပျက်စီးတတ်ပါသည်။ ကျေးရွာသူ၊ရွာသားများသည် ဗဟုသုတဖြစ်စေသော စိုက်ပျိုးရေးပညာပေး စာအုပ်စာပေများကို လေ့လာလိုက်စားနိုင်သူနည်းသဖြင့် စိုက်ပျိုးရေးတွင် သမရိုးကျ စိုက်ပျိုးနေသောကြောင့် သီးနှံထွက်နှုန်းနည်းပြီး ဝင်ငွေနည်းသဖြင့် နွေရာသီ စိုက်ပျိုးလုပ်ငန်းများမရှိချိန်၌ ကြုံရာကျပန်း လုပ်ကိုင်၍ ဝင်ငွေရရှိအောင် ရှာဖွေရပါသည်။ အချို့အိမ်ထောင်စုဝင် အနည်းငယ်မှာ အခြားဒေသသို့သွားရောက်၍ ဝင်ငွေရမည့် အလုပ်များကို လုပ်ကိုင်ကြရပါသည်။

မြေအောက်ရေရရှိခြင်းသည် ရာသီမလပ်သီးထပ်စိုက်ပျိုးရန်အခွင့်အလမ်းကောင်းတစ်ခုဖြစ်ပါသည်။ သို့သော်ကျောက်တန်းကျေးရွာမှာဝဲကြီးဆည်စီမံကိန်းကြောင့် ပြောင်းရွှေ့တည်ထောင်ထားသည့် ကျေးရွာ(၁)ရွာဖြစ် သဖြင့် ပြောင်းရွှေ့လာစဉ်က ပါရှိလာသော ကျွဲ၊ နွား၊ ဝက်စသည့် အိမ်မွေးတိရစ္ဆာန်များကို ရောင်းချ၍(၃)နှစ်မှ (၄)နှစ်ခန့် နေထိုင်စားသောက်ခဲ့ရသဖြင့် ဘဝကိုတစ်မှ ပြန်စရသောကျေးရွာ(၁)ရွာဖြစ်သည်နှင့်အညီ ရေတွင်းတူး၍ ရေတင်စိုက်ပျိုးရန် ရင်းနှီးငွေ မရှိခြင်း၊ သီးနှံထုတ်ကုန်များအတွက် တည်ငြိမ်သောဈေးကွက်မရှိခြင်းတို့ကြောင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ကျေးရွာလူထုတွင် စွမ်းဆောင်နိုင်မှု စနေအင်အားနည်းပါးပါသည်။

အခြားသားငါးထုတ်လုပ်ရေးကဏ္ဍအနေဖြင့် ကျေးရွာရှိအိမ်ထောင်စုဝင်များသည် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်နိုင်မှု အရင်းအနှီးငွေအလွန်နည်းပါးပါသည်။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာဗဟုသုတနည်းပါးမှု၊ လက်လှမ်းမမှီမှုတို့ကြောင့် လူငယ်များမှာ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးနေပါသည်။

**(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

ကျောက်တန်းကျေးရွာတွင် လူနေအိမ်(၁၃၉)လုံး၊ ဘုန်းကြီးကျောင်း(၁)ကျောင်း၊ ကိုယ်ထူကိုယ်ထဆောင်ရွက်ထားသော မူလတန်းကျောင်းဆောင်(၄၀'×၃၀'×၁၄') အား ကျေးရွာလူထုမှ ၂၀၁၀ ခုနှစ်မှ စ၍ ယနေ့ထိတိုင်အောင် ငွေကျပ်(သိန်း၈၀) အကုန်အကျခံ ဆောက်လုပ်ထားသော သွပ်မိုး၊ ထရံကာ၊ ကွန်ကရစ်ခွေ(မြေနီခင်း) ကျောင်းဆောင်ဖြစ်ပြီး အရည်အသွေးမကောင်းပါ။ ၎င်းကျောင်းအား (၂၀၁၈-၂၀၁၉)ပညာသင်နှစ်တွင် မူလတန်း ကျောင်းခွဲအဖြစ် ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။ ကျေးရွာအတွင်း၌ လက်ငင်ရေတွင်း(၆)တွင်းရှိ ပြီးနွေရာသီအခါတွင် ရေမရရှိပါ။ အင်ဂျင်၊ စက်တပ် အဝီစိတွင်း(၁၁)တွင်း၊ လက်နှိပ်တုံကင်တပ် အဝီစိတွင်း (၁)တွင်းရှိပါသည်။

ကျေးရွာ၏အဓိကအသုံးပြုသောလမ်းမှာ မြေနီလမ်းဖြစ်ပြီး ဆိုင်ကယ်နှင့် ကြာနီကန်အုပ်စု မှ ကြာနီကန်-ပေါင်းတည်ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်(၁)စီးအသုံးပြုလျှက်ရှိပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးမရှိသည့်အတွက် လူနေအိမ်(၇၃)လုံးတွင် ကိုယ်ပိုင်ဆိုလာများ အသုံးပြုလျှက်ရှိပါသည်။ မဟာဓာတ်အားလိုင်းနှင့်(၅)မိုင်အတွင်းရှိ ကျေးရွာဖြစ်ပြီး လျှပ်စစ်မီးလင်းရေး (NEP)စီမံကိန်းတွင်ပါရှိပြီး ဖြစ်သော်လည်း ကျေးရွာနေလူထု၏ ငွေကြေးထည့်ဝင်နိုင်မှုမရှိသည့်အတွက် လျှပ်စစ်ဓာတ်အားကို လာမည့်နှစ်အနည်းငယ်တိုင်အောင် သုံးစွဲနိုင်မည်မဟုတ်သေးပါ။

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်းများမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာမြေပိုင်ဆိုင်သူများသာ ချေးငွေရပါသည်။တစ်ဧကလျှင် (၁၅၀၀၀၀ ကျပ်)ထုတ်ချေးပြီး အများဆုံးမှာ (၁၀)ဧကအတွက်ထုတ်ချေးပေးပါသည်။ကျေးရွာတွင်လယ်ဧကအများဆုံးလုပ်ကိုင်သူမှာ(၃)ဧက ခန့်သာ

ရှိပါသည်။အတိုးနှုန်းမှာ (၀.၆၂ % )တိုး (နှစ်တိုး) ဖြစ်ပြီး (၈) လခန့်အသုံးပြုနိုင်ပါသည်။ လယ်တစ်ဧကလျှင် (၁၇၀၀၀၀)ကျပ်ခန့်ကုန်ကျသဖြင့် လုံလောက်မှုမရှိပါ။သီးနှံများကို ဈေးကောင်းရရှိရန်အချိန်မစောင့်ဆိုင်းနိုင်ဘဲချေးငွေပြန်လည်ပေးဆပ်ရန်ရသည့်ဈေးဖြင့်ရောင်းချရမှုများရှိပါသည်။ ကာလရှည် ချေးငွေ(၃ နှစ်ခန့် )ထုတ်ချေးပေးနိုင်လျှင် ပိုမိုသင့်လျော်ပါမည်။

သမချေးငွေမှာ (၁.၅ ကျပ်)နှုန်း (လတိုး) ဖြစ်သော်လည်း ထုတ်ချေးသည့် အချိန်နောက်ကျ ခြင်း၊ ပြန်လည်ပေးဆပ်ချိန်တွင် စော၍ ကောက်ခံခြင်း၊ အဖွဲ့ဝင်အဖြစ်မှ ထွက်လျှင် စုဆောင်းငွေများအား ချက်ခြင်းပြန်လည် ထုတ်ပေးမှုမရှိခြင်းတို့ကြောင့် ချေးယူရန် စိတ်ပါဝင်စားမှု နည်းပါးသည်။ ချေးယူသူ နည်းပါသည်။

အသေးစားပုဂ္ဂလိက ချေးငွေ အနေဖြင့် (DAWN) အဖွဲ့မှ လာရောက်ချေးပါသည်။ (၂.၅ကျပ်တိုး) လတိုး ဖြစ်ပြီး (၁၄) ရက်တစ်ကြိမ်ပြန်လည်ပေးဆပ်ရသဖြင့် လုပ်ငန်းလုပ်ကိုင်ရန် အချိန်မရရှိဘဲ လက်လုပ်လက်စားမိသားစုများ၊မွေးမြူရေးလုပ်ကိုင်လိုသူများ အတွက် ပြန်လည်ပေး ဆပ်ရန် အခက်အခဲရှိပါသည်။

**(င) ပညာရေး**

ကျေးရွာတွင် အတန်းပညာပြီးမြောက်မှုမှာ အလယ်တန်းရှိသူဦးရေ (၄၆)ဦးရှိပြီး အထက်တန်း အဆင့်ရှိသူမှာ (၁၇)ဦးသာရှိပါသည်။ဘွဲ့ရပညာတတ်သူ (၁) ဦးသာရှိသဖြင့် ပညာတတ်မြောက်မှု အားနည်းသေးကြောင်းတွေ့ရှိရသည်။ယခင်ကျေးရွာ မရွှေ့ခင်က ရွာဟောင်းတွင် နှစ်စဉ် ရေကြီး နစ်မြုပ်ခြင်း၊ စာသင်ကျောင်းမရှိခြင်း၊ သွားလာရန် (၁၀) မိုင်ခန့်ကွာဝေးခြင်းတို့ကြောင့် မူလတန်း ဖြင့်သာ ကျောင်းထုတ်မှုများသည်။ အတန်းပညာများကို ရေးနိုင်၊ဖတ်နိုင် အဆင့်သာ ပညာသင်ကြား ကြခဲ့ကြပါသည်။

ကျေးရွာရှိမူလတန်းကျောင်းတွင် အစိုးရခန့်ဆရာ/မ မရရှိသေးသဖြင့် ကျေးရွာမှ ဆရာမငှား ရမ်း၍ သင်ယူနေကြရသည်။ဆရာတစ်ဦးလျှင် လစာငွေ (၁၀၀၀၀၀) ကျပ် ပေးရပြီး (၂) ဦး ငှားရမ်းရသည်။ဆရာ/မ လစာအတွက် ကျေးရွာရှိ အိမ်ထောင်စုတိုင်းမှ လစဉ် ငွေကြေး ကောက်ခံ၍ ပေးနေရပါသည်။ တစ်အိမ်လျှင် (၁၀၀၀-၅၀၀၀) ကျပ် ထည့်ဝင်ကြရပါသည်။ ကျေးရွာလူထုမှာ ပညာရေးဖွံ့ဖြိုးလာစေရန် စိတ်အားထက်သန်မှုရှိကြပြီး ကျောင်းဆောင်ဆောက်လုပ်ရန် ငွေတိုးများဖြင့် ယူ၍ ဆောက်ကြပြီး သီးနှံပေါ်ချိန်ပေးဖြင့် လုပ်ကိုင်နေရခြင်းဖြစ်သည်။ကျောင်းဆောင်ပြုပြင်ပါကလည်း ငွေကြေး၊လုပ်အား တတ်နိုင်သမျှပါဝင်မည်ဖြစ်ပါသည်။ ပညာရေးဦးစီးဌာနသို့ မူလတန်းကျောင်း ချထားပေးရန် တင်ပြတောင်းဆိုထားပြီး ယခုအခါ ဖီးပင်လှ အ.မ.က (၂) ကျောင်းမှ မူလ တန်းခွဲအနေ ဖြင့် ကျထားပြီးဖြစ်ပါသည်။

**(စ) ကျန်းမာရေး**

ကျေးရွာသူ/သားအများစုမှာ ရာသီအလိုက်စိုက်ပျိုးထားသော သဘာဝ ဟင်းသီးဟင်းရွက်နှင့် အသားငါးတို့ကိုသာ စားသုံးကြသဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှုမှာ ကျေးရွာနေ လူတို့တွင်သာမက အိမ်မွေးတိရစ္ဆာန်များတွင်ပါ ရောဂါဖြစ်ပွားမှုမရှိသလောက်နည်းပါးပါ သည်။ တခါတရံ ရာသီဥတုအပြောင်းအလဲကြောင့် ဖြစ်တတ်သောရာသီ တုပ်ကွေးရောဂါများမှ လွဲ၍ ပြင်းထန်သော ကူးစက်ရောဂါများဖြစ်ပွားမှုမရှိပါ။

ငွေပေါ်ကျေးရွာ( ကျောက်တန်းကျေးရွာနှင့် ၁ မိုင်အကွာ) တွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းရှိပြီး ကျေးရွာသူ/သားများ သွားရောက်ကုသမှု ၊ပြသမှု နည်းပါးပါသည်။ တာဝန်ကျ ဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းသောကြောင့်ဖြစ်သည်။ ကလေးမွေး ဖွားလိုသူ များမှာ လည်း ဆရာမ မရှိခြင်း၊ရှိပါကလည်း ဆေးရုံသို့ လွှဲပြောင်းခြင်းများသဖြင့် သွားရောက် ပြသမှုနည်းပါးကြခြင်းဖြစ်သည်။

ကြာနီကန်ကျေးရွာ (ကျေးရွာမှ ၅ မိုင်အကွာ) ၊မှတ်တိုင်ကျေးရွာ (ကျေးရွာမှ ၅ မိုင်အကွာ)တွင် တိုက်နယ်ဆေးရုံများရှိပြီး အများအားဖြင့်ကုန်ကျစရိတ် သက်သာ၍ ကုသမှု ထိရောက်သော မှတ်တိုင်ဆေးရုံသို့ သွားရောက်ကုသကြသည်။ကျေးရွာတွင် လူနာတင်ရန် သုံးဘီး၊လိုက်ထရပ်ကား များကို အလွယ်တကူ ငှားရမ်းနိုင်ပါသည်။ကျေးရွာတွင် ပရဟိတအဖွဲ့ ဖွဲ့စည်းထားပြီး ယင်းအဖွဲ့မှာ တစ်အိမ်ထောင်လျှင် (၅၀၀) ကျပ်စီ လစဉ်စုဆောင်း၍ ကျန်းမာရေးအခက်အခဲရှိပါက (၁၀၀၀၀- ၃၀၀၀၀) ကျပ်အထိ ကူညီထောက်ပံ့ကြသည်။အရေးပေါ်ကျန်းမာရေးအတွက် အတိုးမဲ့ငွေချေးပေး မှုလည်းရှိပါသည်။ နာတာရှည်ရောဂါများအတွက် ဆေးဝါးများကို ပေါင်းတည်မြို့တွင် ဝယ်ယူရရှိနိုင်ပါ သည်။

**(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာသည် တောင်ကုန်းသဖွယ်တည်ရှိနေပါသဖြင့် မိုးများစွာရွာသွန်းသဖြင့် မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းခြင်း၊လမ်းရေတိုက်စားမှုခံရခြင်း ဖြစ်ပေါ်မှုများရှိပါသည်။ ကျေးရွာသည် ဝဲကြီးဆည်တည်ဆောက်ရန် အတွက် ရွာဟောင်းမှ ဇီးပင်လှ သစ်တောကြိုးဝိုင်းအတွင်း နေရာရွှေ့ပြောင်းရပြီး ရွာသစ်နေရာတွင် သစ်ပင်များနည်းပါးခြင်းကြောင့် လေဒဏ်ခံရပါသည်။ လယ်ယာမြေ အဖြစ်လုပ်ကိုင်စားသောက်ရန် ချထားပေးသော မြေနေရာများမှာ ဂဝံဆန်သဖြင့် စိုက်ပျိုးရန် အခက်အခဲရှိပြီး တိုးချဲ့လုပ်ကိုင်နိုင်ခြင်းမရှိသဖြင့် ငွေကြေးတတ်နိုင်သူအချို့မှာ အခြား ကျေးရွာများတွင် လယ်ယာမြေများ ဝယ်၍ လုပ်ကိုင်ကြသည်. ပေါင်းတည်မြို့နှင့် (၁၀) မိုင်ကွာဝေးပြီး သွားလာရ အနည်းငယ်အခက်အခဲရှိပါသည်။

မြေဆီလွှာအခြေအနေမှာ သဲဆန်သောမြေဖြစ်သည့်အတွက် မြေဆီမြေသြဇာဆုံးရှုံးမှုများ ဖြစ်ပေါ်ပါသည်။ အပင်မျိုးစိတ်များလည်း မိုးများလျှင် ရောဂါကျရောက်မှု ရှိပါသည်။ ဖျက်ပိုးနှင့် ရောဂါ

ကာကွယ်ထိန်းချုပ်မှု အားနည်းပါသည်။ ရေအရင်းအမြစ်၊ ငါးမျိုးကွဲ၊ အခြားတိရစ္ဆာန်မျိုးကွဲ၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုများမရှိဟုတွေ့ရပါသည်။ ယခုနှစ်ပိုင်း ဓာတုဓာတ်မြေဩဇာများကို သီးနှံအထွက်တိုးရေးအတွက် သုံးစွဲလာသဖြင့် မြေဆီလွှာပျက်ယွင်းမှု ရှိလာပါသည်။

**(၈) ကျား □ မ ရေးရာ**

ကျေးရွာ၏ လူမှုစီးပွားဖွံ့ဖြိုးစေရန်အတွက် အမျိုးသမီးများတက်ကြွစွာပါဝင် ဆောင်ရွက်မှုရှိပါသည်။ ဘာသာရေးလုပ်ငန်းများ လူမှုရေး၊ ပရဟိတလုပ်ငန်းများ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများမှာလည်း ပါဝင်ဆောင်ရွက်ကြပါသည်။သို့ရာတွင် စီမံအုပ်ချုပ်မှုတွင် ပါဝင်မှု နည်းပါသည်။ အစဉ်အလာအမျိုးသားများသည်သာ စီမံအုပ်ချုပ်နိုင်သည်ဟု ယူဆသောကြောင့်ဖြစ်သည်။ နေ့စဉ်အိမ်တွင်းမှုလုပ်ငန်းများအပြင် ဝင်ငွေရရှိရန် ကွမ်းခူး၊မြတ်နှုတ်၊ပဲဆွတ် အစရှိသည့် စိုက်ပျိုးရေး လုပ်ငန်းများတွင် နေ့စားလုပ်ကိုင်ကြသည်။ လွန်ခဲ့သောနှစ်တွင်ကျေးရွာတွင်းရှိ မိန်းကလေးများသံသယဖြစ်ဖွယ် အကြမ်းဖက်မှုများမရှိပါ။ အမျိုးသမီးများအကြမ်းဖက်မှုအတွက် ဥပဒေနှင့်တရားမျှတ်မှုဆိုင်ရာ အသိအမြင်နှင့် ဗဟုသုတအနည်းငယ်ရှိပါသည်။

## ၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | ပညာရေး | အစိုးရ အသိအမှတ်ပြု အ.မ.က ကျောင်းဆောင်ရရှိရေး/ ကိုယ်ထူ ကိုယ်ထ ကျောင်းဆောင်ပြုပြင်ခြင်း၊ | ၁ |
| ၂ | အခြေခံအဆောက်အဦ | စက်ရေတွင်း(တွင်းနက်၊ ၄၀၀-၅၀၀ ပေ)တူးဖော်ရန် | ၂ |
| ၃ | အခြေခံအဆောက်အဦ | ကျေးရွာတွင်းလမ်းပြုပြင်ရန်(၁၃၀၀'×၁၀'×၆") မြေနီလမ်းခင်းခြင်း၊ ရေနုတ်မြောင်းတူးဖော်ခြင်း၊ရေထုတ်ပြွန် (အလျား၂၀' * အနံ ၁' )၁၅ လုံးချထားခြင်း၊ | ၃ |
| ၄ | လျှပ်စစ် | လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ရန် | ၄ |
| ၅ | ပညာရေး | သက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ပေးရန်(ဖုန်းပြင်၊စက်ပြင်၊စက်ချုပ်) | ၅ |
| ၆ | စိုက်ပျိုးရေး | စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးပွဲများ | ၆ |
| ၇ | စိုက်ပျိုးရေး | စိုက်ပျိုးရေးချေးငွေ အား နှစ်ရှည်ထုတ်ချေးနိုင်ရန် (၃ နှစ် ဆပ်စနစ်)၊မျိုးကောင်းမျိုးသန့် လက်လှမ်းမီလာစေရန် တောင်သူများအား မျိုးသန့်ထုတ်နည်းစနစ်များ ပံ့ပိုးပေးခြင်း၊မျိုးသန့်ခြံများနှင့် ချိတ်ဆက်ပေးခြင်၊ | ၇ |
| ၈ | ကျန်းမာရေး | ကျန်းမာရေးဝန်ထမ်းမှ အချိန်ပြည့် ဝန်ဆောင်မှုပေးခြင်း၊ကျန်းမာရေး အသိပညာပေးခြင်း၊ | ၈ |
| ၉ | လူငယ်နှင့်အားကစား | လူငယ်စာဖတ်ပွဲများ၊ဗဟုသုတရရှိမည့် စာအုပ်စာပေများ ရရှိနိုင်ရန် ပြန်/ဆက်ဦးစီးဌာနနှင့် ချိတ်ဆက်ပူ ပေါင်းလုပ်ဆောင်ခြင်း၊ | ၉ |
| ၁၀ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆွေးနွေးပွဲ/သင်တန်း များ၊( | ၁၀ |

| | | | |
|---|---|---|---|
| | | ခေါင်းဆောင်မှု၊စီမံခန့်ခွဲမှု၊စာရင်းကိုင်၊အစည်းအဝေးမှတ်တမ်း ရေးနည်း စသည်) | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | စာပေများ အလှည့်ကျ ဌားရမ်းဖတ်ရှုစေခြင်း၊စာအုပ်များလဲလှယ်ပေးခြင်း၊ | • လူငယ်ပရဟိတ အဖွဲ့အစည်းမှ ရံပုံငွေစုဆောင်း၍ အားကစားပစ္စည်းများ တဖြည်းဖြည်းဝယ်ယူခြင်း၊ |
| ကဏ္ဍ-အဖွဲ့အစည်းဆိုင်ရာစီမံအုပ်ချုပ်မှု | | | | | | |
| ၉။ | •ကျေးရွာတွင်း ကိုယ်ထူကိုယ်ထဖွဲ့စည်းထားသောအဖွဲ့များတွင် စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်မှုအားနည်းခြင်း၊ | •အဖွဲ့အစည်း ဖွဲ့စည်းခြင်းဆိုင်ရာ အသိပညာဗဟုသုတအားနည်းခြင်း၊<br>•လိုအပ်ချက်အရ ဖွဲ့စည်းခြင်းသာရှိပြီး ရေရှည်တည်တံ့သည့် အစီအစဉ်များထည့်သွင်းဖွဲ့စည်းထားမှုအားနည်းခြင်း၊ | •ကျေးရွာဖွံ့ဖြိုးရေး၊ လူမှုရေး ၊ဘာသာရေးလုပ်ငန်းများအတွက် စုပေါင်းလုပ်ကိုင်သည့်အလေ့ အကျင့်ရှိခြင်း၊<br>•စည်းလုံးညီညွတ်ကြခြင်း၊<br>•သတင်း၊မီဒီယာများမှ အဖွဲ့အစည်းဆိုင်ရာ စီမံအုပ်ချုပ်မှုကောင်းမွန်လာစေရန် ဗဟုသုတများရရှိနိုင်ခြင်း၊<br>•ကျေးလက်ဦးစီးဌာမှ စာရင်းကိုင်သင်တန်းရရှိနိုင်ခြင်း၊ | •အဖွဲ့အစည်းဆိုင်ရာစီမံအုပ်ချုပ်မှု စနစ်ကောင်းမွန်လာစေရန် ပံ့ပိုးကူညီနိုင်မည့် အဖွဲ့အစည်း/ဦးစီးဌာနနည်းပါးခြင်း၊<br>•အသိပညာပေးဟောပြောပွဲ၊စာအုပ်၊စာပေဆိုင်များလက်လှမ်း မမီခြင်း၊ | •ကျေးရွာအုပ်ချုပ်ရေးမှူး၊ရပ်မိရပ်ဖများမှ ဦးဆောင်၍ အဖွဲ့အစည်းဆိုင်ရာ ဗဟုသုတရမည့် စာအုပ်စာပေများစုဆောင်းခြင်း<br>(ခေါင်းဆောင်မှု၊လူထုအားစည်းရုံးမှု စွမ်းရည်၊အစည်းအဝေးအောင်မြင်စွာကျင်းပနိုင်ရန် ပြင်ဆင်နည်း၊ အစည်းအဝေးမှတ်တမ်းရေးနည်း၊ )<br>•ကျေးရွာလူထုအစည်းအဝေးများတွင် အသိပညာပေးခြင်း၊<br>•ကျေးလက်ဦးစီးဌာနအားအကူအညီတောင်းခံ၍ စာရင်းကိုင်သင်တန်းပေးခြင်း၊ | ၉။အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ခြင်း။<br>• ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖ များမှဦးဆောင်၍<br>• အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် တိုးတက်စေရန် ဆွေးနွေးဟောပြောခြင်း၊<br>• ဗဟုသုတစာပေအုပ်၊စာပေများထားရှိခြင်း၊<br>• သင်တန်းပေးနိုင်သည့် အဖွဲ့အစည်းများ၊ဌာနဆိုင်ရာများနှင့်ချိတ်ဆက်၍ အကူအညီတောင်းခံခြင်း( ဥပမာ- ကျေးလက်ဦးစီးဌာန) |

| | | | | | | |
|---|---|---|---|---|---|---|
| | | ေးမှုအားနည်းခြင်း၊<br>• ကြိုတင်ကာကွယ်မှုအားနည်းခြင်း၊<br>• ဆေးဝါးပြည့်မီအောင်မရရှိခြင်း၊ | လွယ်ကူစွာငှားရမ်းနိုင်ခြင်း၊<br>• အရေးပေါ်ငွေချေးခြင်း(သို့)ခရီးစရိတ်ပံ့ပိုးပေးနိုင်သည့်ပရဟိတအဖွဲ့အစည်းရှိခြင်း၊<br>• ကာကွယ်ဆေးပုံမှန်ထိုးနှံနိုင်ခြင်း၊ | | | ဝန်ထမ်းများနှင့်ပူးပေါင်းကျင်းပ ခြင်း၊<br>• စိတ်ပါဝင်စားသူလူငယ်များအားကျန်းမာရေးလုပ်သား/အရံသားဖွား သင်တန်းတက်ရောက်နိုင်ရန်ချိတ်ဆက်ပေးခြင်း၊ |
| ကဏ္ဍ-လူငယ် | | | | | | |
| ၈။ | •လူငယ်များအားကစားလုပ်ဆောင်မှု၊ လေ့လာသင်ယူမှုအားနည်းခြင်း၊ | •အချိန်ပိုများကိုအင်တာနက်များအသုံးပြုခြင်းဖြင့်အချိန်ကုန်ဆုံးနေကြခြင်း၊<br>•အားကစားပစ္စည်း၊ အားကစားနည်းများမရှိခြင်း၊ | •စာသင်ကျောင်းတွင် စာကြည့်တိုက်ဖွင့်လှစ်ရန်နေရာရှိခြင်း၊<br>•အားကစားကွင်း(ဘောလုံးကွင်း)ရှိခြင်း၊<br>•ပရဟိတစိတ်ရှိ၍ဘာသာရေး၊လူမှုရေးတို့တွင်ဦးဆောင်နိုင်သည့်လူငယ်များဖြစ်ခြင်း၊ | •လူငယ်များကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်လိုစိတ်၊လေ့လာသင်ယူလိုစိတ်နည်းပါးခြင်း၊<br>•လေ့လာသင်ယူရန်လူငယ်ဖွံ့ဖြိုးရေးစင်တာများမရှိခြင်း၊ | •ပရဟိတအဖွဲ့(လူငယ်များဖြင့်ဖွဲ့စည်းထားသော)မှ ဦးဆောင်၍လူငယ်ဖွံ့ဖြိုးရေး ရံပုံငွေရရှိရန် အစီအစဉ်ဆွဲခြင်း၊<br>•လစဉ်ငွေကြေးစုဆောင်းခြင်း၊အားကစားပစ္စည်းများ၊ဗဟုသုတစာပေများဝယ်ယူခြင်း၊<br>•လူငယ်လေ့လာရေးစင်တာများထဖွင့်လှစ်၍ ဖွံ့ဖြိုးရေးသင်တန်းများပေးခြင်း၊<br>•ပြန်/ဆက်ဦးစီးဌာနနှင့်ဆက်သွယ်၍ကျောင်းသားများ၊လူငယ်များအတွက် ဗဟုတုတ | ၈။လူငယ်များကာယ၊ဉာဏစွမ်းရည်တိုးတက်လာစေရေးစီမံချက်။<br>• စာသင်ကျောင်းတွင်စာဖတ်ခန်းဖွင့်လှစ်ခြင်း၊<br>• ပြန်/ဆက်ဦးစီးဌာန နှင့်ချိတ်ဆက်၍ စာအုပ်များလဲလှယ်ဖတ်ရှုခြင်း၊<br>• ရွာတွင်းလူငယ်များအားလည်း ငှားရမ်းဖတ်ရှုစေခြင်း၊<br>• ကလေးစာဖတ်ပွဲများကျင်းပပေးခြင်း၊<br>• ကာ/ယဦးစီးဌာနနှင့်ဆက်သွယ်၍ နွေရာသီတွင်အားကစားသင်တန်းများပေးခြင်း၊ |

| | | | | | | |
|---|---|---|---|---|---|---|
| | | နှင့်မြေသြဇာဖိုးကုန်ကျမှုများခြင်း၊<br>• မျိုးကောင်းမျိုးသန့်မှာဈေးကြီးသဖြင့် ဝယ်ယူအသုံးပြုနိုင်မှုနည်းပါးခြင်း၊<br>• ဈေးငွေထုတ်ချေးသည့်အချိန်နောက်ကျသဖြင့်အတိုးဖြင့် ယူ၍စိုက်ပျိုးရခြင်း(ဘဏ်တွင်ငွေပြတ်လပ်သဖြင့်သီးနှံစိုက်ပျိုးချိန်တွင်မှရရှိ) | • ပေါင်းတည်မြို့တွင် စိုက်ပျိုးရေးအသိပညာပေးအဖွဲ့(ရတနာဧရာ)ရှိခြင်း၊ | ကြားမှုများ မရှိခြင်း<br>• မျိုးကောင်းမျိုးသန့်ရရှိနိုင်မည့် နေရာနည်းပါးခြင်း(စိုက်ပျိုးရေးဦးစီးဌာနတွင်သာရရှိနိုင်ခြင်း) | များနှင့် ချိတ်ဆက်ဆွေးနွေးခြင်း၊<br>• စံပြစမ်းသပ်ကွက်များ ဖြင့်လက်တွေ့ကျကျ နည်း ပညာပံ့ပိုးပေးရန်၊<br>• သီးနှံအာမခံအစီအစဉ်များထားရှိခြင်း၊<br>• မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးချိန်မမတိုင်မီ ထုတ်ချေးပေးခြင်း(ထုတ်ချိန်၊ပြန်ဆပ်ချိန်ကို စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန်) | အားလက်တွေ့စမ်းသပ်သင်ကြားပေးခြင်း၊<br>• မြေဆီလွှာစမ်းသပ်စစ်ဆေးပေးခြင်း၊<br>• နိုင်ငံတော်အစီအစဉ်/ပုဂ္ဂလိကအစီအစဉ်ဖြင့်သီးနှံအာမခံစနစ်များ ဖွံ့ဖြိုးလာခြင်း၊<br>• မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဈေးငွေအချိန်မီထုတ်ချေးခြင်း၊ |
| ကဏ္ဍ-ကျန်းမာရေး | | | | | | |
| ၇။ | • ကျန်းမာရေးဝန်ဆောင်မှုအချိန်မီမရရှိခြင်း ၊<br>• ကျန်းမာရေးအသိပညာအားနည်းခြင်း၊ | • ကျေးလက်ဆေးပေးခန်းမှာ ငွေပေါရွာတွင် ရှိပြီးဆေးခန်းတွင်တာဝန်ကျဝန်ထမ်းမရှိသည့် အချိန်များ ခြင်း၊<br>• မွေးလူနာများ ညအချိန်ဗိုက်နာပါက အခက်အခဲရှိခြင်း( ခေါ်ယူ၍မရခြင်းနှင့် ဆေးရုံသို့သာလွှဲပြောင်းခြင်း)<br>• ကျန်းမာရေးအသိပညာ | • ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့် (၁)မိုင်၊မှတ်တိုင်တိုက်နယ်ဆေးရုံနှင့် (၅)မိုင်၊ ပေါင်းတည်မြို့နယ်ဆေးရုံ နှင့် (၁၀ )မိုင် ဝေးကွာခြင်း၊<br>• ထော်လာဂျီ၊လိုက်ထရက်ကား | • ကျန်းမာရေးဝန်ထမ်းများအား တာဝန်ကျကျေးရွာများတွင်ထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်ရန် ကြီးကြပ်မှုလိုအပ်ခြင်း၊<br>• ဆေးဝါးများလုံလောက်စွာမရရှိခြင်း၊ | • ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ရပ်မိရပ်ဖများဦးဆောင်၍<br>• ကျေးရွာအုပ်ချုပ်ရေးမှူးမှကျန်းမာရေးဦးစီးဌာန၊မြို့နယ်တာဝန်ရှိသူများသို့ကျန်းမာရေးဝန်ထမ်း မှအချိန်ပြည့် ဝန်ဆောင်မှုပေးနိုင်ရန်၊ဆေးဝါးလုံလောက်စွာပံ့ပိုးပေးနိုင်ရန်တင်ပြခြင်း၊ | ၇။ကျန်းမာရေးဝန်ဆောင်မှုကောင်းမွန်စွာ ရရှိစေခြင်း၊<br>• ကျေးရွာအုပ်ချုပ်ရေးမှူး၊ရပ်မိရပ်ဖများမှကျန်းမာရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ဆေးဝါး၊ဝန်ထမ်းလုံလောက်စွာ ရရှိရန်ဆောင်ရွက်ခြင်း<br>• ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောပွဲများအားကျန်းမာရေး |

| | | | | | |
|---|---|---|---|---|---|
| | • ဒေသခံများအခြေခံ<br>ပညာအားနည်းခြင်း(ဘွဲ့ရ<br>-၂ ဦးသာရှိ)<br>• အသက်မွေးဝမ်းကြော<br>င်းပညာတတ်မြောက်မှုအ<br>ားနည်းခြင်း၊<br>• ယခင်ကျေးရွာအ<br>ဟောင်းတွင်လယ်ယာစို<br>က်ပျိုးရေးကိုသာအဓိက<br>လုပ်ကိုင်ကြသဖြင့်အ ခြား<br>အသက်မွေးဝမ်း ကြောင်း<br>အသိပညာ<br>နည်းပါးခြင်း၊(ဝဲကြီးဆည်<br>တည်ဆောက်သဖြင့်<br>(၁၉၉၉ ခုနှစ်တွင်<br>ရွာသစ်နေရာသို့<br>ရွှေ့ပြောင်းရခြင်း)။ | လုပ်ကိုင်စားသောက်<br>နိုင်မည့် အသက်<br>မွေးဝမ်း ကြောင်းပ<br>ညာများ သင်ယူရန်<br>စိတ်အားထက်သန်ခြ<br>င်း၊<br>• ကျေးလက်ဦးစီး<br>ဌာနမှအသက်မွေး<br>ဝမ်းကြောင်းပညာ<br>များသင်ကြားပို့ချ<br>နေခြင်း၊<br>• ပေါင်းတည်မြို့တွင်<br>ဆိုင်ကယ်ပြင်၊<br>စက်ပြင် နိုင်သူနှင့်<br>ရန်ကုန်အထည်ချုပ်စ<br>က်ရုံများတွင်<br>လုပ်သားလိုအပ်ခြင်း၊ | ရောက်ရန် မြို့နယ်ဦးစီး<br>ဌာန၏ အစီအစဉ်တွင်<br>ပါဝင်မှု မရရှိသေးခြင်း၊<br>• အသက်မွေးဝမ်းကြောင်း<br>ပညာများ သင်ယူရန်<br>ငွေကြေးမတတ်နိုင်ခြင်း<br>• စက်ရုံ၊အလုပ်ရုံများ နှင့်<br>အလှမ်းကွာဝေး ခြင်း၊<br>• ဈေးကွက်ဆိုင်ရာ<br>အသိပညာဗဟုသုတ<br>အားနည်းခြင်း၊<br>• ကူညီပံ့ပိုးမည့် အဖွဲ့အ<br>စည်း(သို့)ပုဂ္ဂိုလ်မရှိ ခြင်း၊ | အသက်မွေးဝမ်းကြောင်းနည်<br>းပညာသင်တန်းများပေးခြင်<br>း(ဖုန်းပြင်သင်တန်း၊<br>စက်ပြင်သင်တန်း၊စက်ချုပ်<br>သင်တန်း)။<br>• စိတ်ပါဝင်စားသူများအား<br>စွန့်စားတီထွင်လာလို<br>စိတ်ရရှိရန်လက်တွေ့ဆောင်ရွ<br>က်စေခြင်းဖြင့်အသိပ<br>ညာပေးခြင်း၊<br>• သင့်လျော်သော အသေး<br>စားချေးငွေများရရှိနိုင်ရန်<br>ချေးငွေအဖွဲ့အစည်းများနှင့်<br>ချိတ်ဆက်ပေးခြင်း၊<br>• ဈေးကွက်ဆိုင်ရာ အသိ<br>ပညာများ ဖြန့်ဝေပေးခြင်း၊<br>• ဖွံ့ဖြိုးရေးအမြင်ဖွင့် ဆွေး<br>နွေးပွဲများပြုလုပ်ပေးခြင်း၊ | းများ ဖွံ့ဖြိုးလာစေရေး။<br>• စိတ်ပါဝင်စားသော အစုအဖွဲ့<br>ဖွဲ့စည်းခြင်း၊<br>• သက်ဆိုင်ရာဦးစီးဌာန (သို့)<br>အဖွဲ့အစည်းများနှင့် ချိတ်<br>ဆက်၍ အသက်မွေးဝမ်း<br>ကြောင်းသင်တန်းများ ရရှိရန်<br>ဆောင်ရွက်ခြင်း၊<br>• အသေးစားငွေချေးအဖွဲ့များမှ<br>သင့်လျော်သော ချေးငွေ<br>ပမာဏကို ထုတ်ချေးခြင်း၊<br>• ဈေးကွက်ဆိုင်ရာ အမြင်<br>ဖွင့်သင်တန်းပေးခြင်း၊<br>• အသေးစားစက်မှု၊လက်မှု<br>သင်တန်းများပေးခြင်း၊ |
| -စိုက်ပျိုးရေး | | | | | |
| • စိုက်ပျိုးသီးနှံများမှ<br>အကျိုးအမြတ်ရရှိမှု<br>နည်းပါးခြင်း၊ | • သီးနှံများပိုးကျသဖြင့်<br>ဆုံးရှုံးမှုများခြင်း (၂၀၁၃<br>ခုနှစ်ကလယ်မြေအားလုံးပို<br>းကျခြင်းကြောင့်ရိတ်သိမ်<br>းရန်ပင် မရှိခြင်း)<br>• ဂဝံဆန်မြေများဖြစ်ခြင်း | • မြန်မာ့လယ်ယာဖွံ့ဖြ<br>ိုးရေးဘဏ်မှ<br>ချေးငွေရရှိခြင်း၊<br>• စိုက်ပျိုးရေးဦးစီး<br>ဌာနမှ မျိုးသန့်မှာယူ<br>နိုင်ခြင်း၊ | • စနစ်တကျ စိုက်ပျိုး<br>နည်းစနစ်များ ပေး<br>သည့်ပညာရှင်(သို့)မဖွဲ့အစ<br>ည်းများနှင့် ချိတ်ဆက်<br>ဆောင်ရွက် နိုင်မှုမရှိခြင်း။<br>• လက်တွေ့စမ်းသပ်သင် | • တောင်သူလယ်သမား<br>အဖွဲ့မှ ဦးဆောင်၍<br>ဒေသနှင့်သင့်လျော်သောစိုက်<br>ပျိုးရေးနည်းပညာများကို<br>ရရှိနိုင်ရန် စိုက်ပျိုးရေး<br>နည်းပညာပေးအဖွဲ့အစည်း | ၆။စိုက်ပျိုးသီးနှံများ<br>အထွက်နှုန်းတိုးတက်၍<br>ဈေးကောင်းရရှိနိုင်စေရေး။<br>• စိတ်ဝင်စားသူ တောင်သူ<br>အစုအဖွဲ့ဖွဲ့စည်းခြင်း၊<br>• စိုက်ပျိုးရေးသင်တန်းများ |

| | | | | | | |
|---|---|---|---|---|---|---|
| | | နိုင်ရန် ငွေကြေးမလုံလောက်ခြင်း၊ | | | | စုဆောင်းခြင်း၊<br>• လိုအပ်သော ငွေကြေးပမာဏအား တာဝန်ရှိသူများနှင့် အဖွဲ့အစည်း/ဌာနဆိုင်ရာများသို့တင်ပြတောင်းခံ၍ မြေနီလမ်းဖောက်ခြင်း၊ရေမြောင်းတူးခြင်း၊ |
| ကဏ္ဍ-မီးလင်းရေး | | | | | | |
| ၄။ | • မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိ သဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှု အားနည်းခြင်း၊ | • မဟာဓါတ်အားလိုင်းမှ ဝေး အနီးစပ်ဆုံး အနေဖြင့် ကျေးရွာနှင့် (၅)မိုင်ကွာဝေးသော မြို့တွင်းကျေးရွာသို့သာ ရောက်ရှိခြင်း၊<br>• အိမ်ထောင်စုနည်းပါးပြီး လက်လုပ်လက် စားများသဖြင့် ကိုယ်ထူကိုယ်ထသွယ်တန်းရန် မတတ်နိုင်ခြင်း | • ကျေးရွာသူ/သားများမှ လျှပ်စစ်မီးရရှိရန် စိတ်အား ထက်သန်ကြခြင်း၊<br>• လျှပ်စစ်ဦးစီးဌာနမှ ရွာနှင့် ဓါတ်အားလိုင်း စိုက်ထူနိုင်ရန် အကွာအဝေးများ တိုင်းတာပြီးစီးခြင်း၊ ဌာနဆိုင်ရာများ နှင့်ချိတ်ဆက်မှုရှိခြင်း၊ | • မီးလင်းရေးအတွက် ချေးငွေထုတ်ချေးနိုင်သည့် အဖွဲ့အစည်း/ နိုင်ငံတော်မှ အစီအစဉ်တစ်ရပ်အနေဖြင့်မရှိခြင်း၊ | • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှဦးဆောင်၍ ချေးငွေ (သို့) ရံပုံငွေ ရရှိနိုင်မည့်အစီအစဉ်ရေးဆွဲခြင်း၊<br>• မြို့နယ်တာဝန်ရှိသူ/ လွှတ်တောက်ကိုယ်စားလှယ်များအား အဆိုပြုလွှာ တင်ပြတောင်းခံခြင်း၊<br>• ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ချေးငွေအဖွဲ့အစည်းများအား ချိတ်ဆက်တင်ပြခြင်း၊ | ၄။မီးလင်းရေး စီမံချက်။<br>• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှဦးဆောင်၍<br>• မီးလင်းရေးကော်မတီ ဖွဲ့စည်းခြင်း၊<br>• ကျေးရွာလူထုအစည်းအဝေးခေါ်ယူ၍ ငွေကြေး ထည့်ဝင်နိုင်မှု ၊ရံပုံငွေ ရှာဖွေရေး အစီအစဉ် ဆွေးနွေးခြင်း၊<br>• လိုအပ်သော ငွေကြေးကို လွှတ်တော်ကိုယ်စားလှယ်၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ ထံသို့ ရံပုံငွေ (သို့)ချေး ငွေ ရရှိရန်ဆောင်ရွက်ခြင်း၊ |
| ကဏ္ဍ-စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | |
| ၅။ | • အလုပ်အကိုင်အခွင့် အလမ်းရှားပါးခြင်း၊ | • ဒေသတွင်းစက်ရုံ၊ အလုပ်ရုံနည်းပါးခြင်း၊ | • ဒေသခံပြည်သူများမှာ ဒေသတွင်း | • အသက်မွေးဝမ်းကြောင်းသင်တန်းများ တက် | • သက်ဆိုင်ရာဦးစီးဌာန (သို့) အဖွဲ့အစည်းများမှ | ၅။ဝင်ငွေသင့်တင့်ကောင်းမွန်သောအလုပ်အကိုင်အခွင့်အလမ် |

| | | | | | | |
|---|---|---|---|---|---|---|
| | | ၊နာ ရေးမှတူးပေးသော ရေတွင်း)မှ သောက်သုံး ရေရရှိနိုင်သော်လည်း အမျိုးသမီးများအနေ ဖြင့်အချိန်မရွေးသွား ရောက်ခက်ယူရန် မသင့် လျော်ခြင်း၊ | ရှိခြင်း၊ | | | |
| ကဏ္ဍ-လမ်းပမ်းဆက်သွယ်ရေး | | | | | | |
| ၃။ | ကျေးရွာမှ ခရိုင်ချင်းဆက်လမ်း(ရိုးမ ပတ်လမ်း)သို့ထွက် သည့်လမ်းမှာ ချိုင့်ခွက် များခြင်း၊ဗွက်ထူခြင်း တို့ကြောင့် သွားလာရန် ခက်ခဲခြင်း၊ | • ကျေးရွာဖောက်လုပ်စဉ် က လမ်းကြောင်းအ ရာဖော်ပေးထားရုံမျှ သာ လုပ်ဆောင်ထား သည့် လမ်းဖြစ်ခြင်း၊<br>• လမ်းသားနိမ့်ခြင်းနှင့် တောင်ကြောရေများ ဖြတ်သန်းစီးဆင်းမှုများ ခြင်း၊<br>• ရေထွက်ရန် ရေ နုတ်မြောင်းမရှိခြင်း ( ဂဝံမြေများ ဖြစ်သဖြင့် လူအင်အားဖြင့်မဖောက်နို င်ခြင်း၊ကားကြီးများဖြင့် သာ တူးနိုင်)<br>• ကျေးရွာလူထုမှ ကိုယ်ထူကိုယ်ထဖြင့်နှစ် စဉ်ပြုပြင်သော်လည်း အရည်အသွေးမီစွာ ခင်း | • အုပ်ချုပ်သူနှင့် ဦးစီးဦးဆောင်လုပ် ကိုင်သူများ၏ ကျေးရွာဖွံ့ဖြိုးရေး အတွက်လုပ်ဆောင် မှုအားကောင်းခြင်း၊<br>• ကိုယ်ထူကိုယ်ထ ဖြင့် ဂုံးတံတား တည်ဆောက်ခြင်း၊ လမ်းခင်းခြင်းစသ ည့်တို့ လုပ်ဆောင် ကြသည့်အလေ့ အကျင့်ကောင်းများ ရှိခြင်း၊<br>• မြေနီ၊သဲတို့ကို (၁)မိုင်အကွာရှိ အင်တိုင်းတော တွင် လွယ်ကူစွာ ဝယ်ယူနိုင်ခြင်း၊ | • ပညာရေး၊လမ်းပမ်းဆ က်သွယ်ရေး၊ဘာသာရေး ကိစ္စရပ်များအတွက် ကိုယ်ထူကိုယ်ထ ဆောင် ရွက်နေရသဖြင့်လူထုမှ ငွေကြေးထည့်ဝင်နိုင်မှု မရှိခြင်း၊<br>• ဦးစီးဌာနများ၏ ဘက်ဂျက်ရရှိမှုအပေါ် တွင်သာမူတည်ခြင်း၊ | • လမ်းကော်မတီနှင့် ရပ် မိရပ်ဖများမှဖွံ့ဖြိုးရေးအတွ က်အထောက်အကူပေးနေ သောအဖွဲ့အစည်း(သို့)ဌာနဆို င်ရာများသို့ အကူအညီတောင်းခံခြင်း၊<br>• ကျေးရွာမှ လုပ်အား၊ ပစ္စည်းအင်အား(သဲ၊ကျော က်)၊ငွေအားဖြင့် ပါဝင်နိုင် ရန် စည်းရုံးစုဆောင်း ခြင်း၊<br>• ရေရှည်တည်တံ့ရေးအစီ အစဉ်များ ရေးဆွဲခြင်း၊ | ၂။မြေသားလမ်းမှ မြေနီလမ်း အဖြစ်အဆင့် မြှင့်တင်ရေးစီမံချက်။<br>-ရေထုတ်ပြွန် (အလျား ၂၀ ပေ* အနံ ၁ ပေ၊ ၁၅ လုံး )<br>-ရေနုတ်မြောင်းတူးဖော်ခြင်း (အလျား ၁၃၀၀ ပေ* အနံ ၃ပေ* အမြင့် ၃ ပေ)<br>-မြေနီလမ်းခင်းခြင်း( အလျား ၁၃၀၀ ပေ* အနံ ၁၀ပေ* အမြင့် ၆ လက်မ)<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရပ်မိရပ်ဖများမှ ဦး ဆောင်၍ ရွာလုံးကျွတ်အ စည်းအဝေးခေါ်ယူခြင်း၊<br>• ဦးစီးဆောင်ရွက်မည့် သူများသတ်မှတ်ခြင်းနှင့် စီမံကိန်း ရေးဆွဲခြင်း၊<br>• ငွေကြေး၊ပစ္စည်းအင်အား |

| | | | | | | |
|---|---|---|---|---|---|---|
| | | တွင်ပါဝင်မှုမရှိသေးခြင်း၊ | ကူညီပံ့ပိုးနိုင်မှု အားကောင်းခြင်း၊ | | | အကူအညီတောင်းခံခြင်း၊အဆို ပြုလွှာတင်ပြခြင်း၊ • ပညာရေးဦးစီးဌာန/ပညာ ရေးဖွံ့ဖြိုးရေးအတွက်လုပ်ဆော င်နေသောအဖွဲ့အစည်း/ မြို့နယ်တာဝန်ရှိသူများထံ စဉ်ဆက်မပြတ်တင်ပြတောင်း ခံခြင်းနှင့် အခြေအနေ အားမေးမြန်းစုံစမ်းခြင်း၊ |
| ကဏ္ဍ-သောက်သုံးရေ | | | | | | |
| ၂။ | သောက်သုံးရေ ရှားပါးခြင်း၊ | • အဝီစိတွင်း(တွင်းတိမ်)မ များရှိသော်လည်း နွေရာသီတွင် ရေခမ်းသ ဖြင့် မလုံလောက်ခြင်း၊ • အဝီစိတွင်း(စက်တွင်း-တွင်းနက်)မှသာလျှင် အဆင်ပြေနိုင်ခြင်း၊ • စက်တွင်းများမှာကုန် ကျစရိတ်များပြားသဖြင့် ကျေးရွာလူထုမှ မတူး နိုင်ခြင်း(အထူးသဖြင့် ဝင်ငွေနည်းမိသားစု များအနီးတွင် စက်ရေ တွင်းများမရှိခြင်း) • ဘုန်းကြီးကျောင်းဝန်း အတွင်းရှိ အဝီစိ စက်တပ်တွင်း(ဦးကျော်သူ | • ကျေးလက်ဦးစီးဌ ာနနှင့်ချိတ်ဆက် ဆောင်ရွက်မှုရှိခြင်း၊ • ကျေးရွာမှလုပ်အာ း၊ငွေအား(အနည်း ငယ်)ပါဝင်နိုင် ခြင်း၊ • ရေတွင်းတူးရန် ကျွမ်းကျင်သူများ ကျေးရွာတွင်းရှိခြင်း၊ • ရေထွက်အား ကောင်းခြင်း(တွင်း နက်တူးပါက) • ဘုံပိုင် ရေတွင်း အားစုပေါင်းသုံးစွဲ ခြင်း၊စုပေါင်းပြု ပြင်ခြင်း အလေ့အ ထကျေးရွာတွင် | • ငွေကြေးမလုံလောက်ခြ င်း၊ • ကျေးလက်ဦးစီးဌာနသို့ တင်ပြထား သော် လည်း လျာထား ချက် တွင် မပါဝင်သေးခြင်း၊ | • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှဦးဆောင်၍ စက်ရေတွင်း(၂)တွင်းရရှိ ရန် ရံပုံငွေ ရရှိမည့် အစီအစဉ်များ ရေးဆွဲ ခြင်း၊ • ကျေးလက်ဦးစီးသို့ တင်ပြတောင်းခံခြင်းနှင့် အဆိုပြုလွှာတင်သွင်းခြင်း၊ • ကျေးရွာလူထုမှ ကျွမ်း ကျင်ပညာရှင် ၊လူအင် အား စိုက်ထုတ် ခြင်း၊ • ပုဂ္ဂလိကအလှူရှင်များ ရှာဖွေ၍ ရံပုံငွေရှာဖွေ ခြင်း၊ | ၂။သန့်ရှင်းသောသောက်သုံး ရေရရှိရေး စီမံချက်။ • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှဦးဆောင်၍ စက်ရေတွင်း(၂)တွင်းရရှိ ရန် ကျေးလက်ဦးစီးဌာ နသို့ချိတ်ဆက်တင်ပြခြင်း၊ • ကျေးရွာလူထုမှ ကျွမ်းကျင်ပညာရှင်၊လူအင်အာ း စိုက်ထုတ်၍ ရေတွင်းတူးခြင်း၊ • ပုဂ္ဂလိကအလှူရှင်များ ရှာဖွေ၍ ရံပုံငွေရှာဖွေ ခြင်း၊ • ပြုပြင်ထိန်းသိမ်းရေး အစီအစဉ်များ ရေးဆွဲချမှတ် ခြင်း၊ |

## နောက်ဆက်တွဲ (၁)

### ကျောက်တန်းကျေးရွာ၊ဇီးပင်လှ ကျေးရွာအုပ်စု ကျေးရွာဖွံ့ဖြိုးရေးမဟာဗျူဟာ တည်ဆောက်မှု ဇယားပြပုံ

| စဉ် | ပြဿနာ | အကြောင်းအရာ | အခွင့်အလမ်း | အဟန့်အတား | ဖြေရှင်းမည့်နည်းလမ်း | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ကဏ္ဍ-ပညာရေး | | | | | | |
| ၁။ | • စာသင်ဆောင်မှာ အမိုး၊အကာများ ယိုယွင်းပျက်စီးနေပြီး အခင်းမှာ မြေသားဖြစ်ဖြင့် ကလေးငယ်များ ကျန်းမာရေးအတွက် စိုးရိမ်ရခြင်း။ | • ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားရသ ဖြင့် အရည်အသွေးပြည့်မီမှုအားနည်းခြင်း၊<br>• ဆောက်လုပ်ခဲ့သော နှစ်မှာ (၈)နှစ်ခန့် ကြာပြီဖြစ်ခြင်း (အမိုး ယိုခြင်း၊ထရံများ ပျက်စီးခြင်း)<br>• လစဉ် ဆရာမ လစာ များကို ကျေးရွာမှ စုဆောင်း ကောက်ခံနေရခြင်းကြောင့် စာသင်ကျောင်းဆောင်ပြုပြင်ရန် ရံပုံငွေမရှိခြင်း(ဆရာ မမှာကျေးရွာခန့်သာရှိ)<br>• ပညာရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘက်ဂျက် | • ကျေးရွာလူထုမှာ ပညာရေးပေါ်တွင် အလေးထားစိတ်အားထက်သန်မှု ပြင်းထန်ခြင်း (ကျောင်းဆောင်အား သိန်း(၈၀)ကုန်ကျခံ၍ ဆောက်လုပ်ထားခြင်း)<br>• ကိုယ်ထူကိုယ်ထ စနစ်ဖြင့် လုပ်ဆောင်ကြသည့် အလေ့အကျင့် ရှိခြင်းနှင့် လုပ်အားဖြင့်ပါဝင်နိုင်ကြခြင်း၊<br>• မိဘဆရာအသင်း၏ ဦးဆောင်မှု၊ | • ကျေးရွာလူထုအားဖြင့် ငွေကြေးမတတ်နိုင်ခြင်း၊<br>• ပညာရေးဆိုင်ရာ လိုအပ်ချက်များပြားပြီးပညာရေးဦးစီးဌာနတွင် တပြိုင်တည်းဖြည့်ဆည်းပေးနိုင်မည့် ရံပုံငွေ မရှိခြင်း၊ | • ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊မိဘဆရာအသင်းတို့ပူးပေါင်း၍ ရံပုံငွေ ရရှိရေး အစီအစဉ်များရေးဆွဲခြင်း<br>• ကျေးလက်ဦးစီးဌာနသို့ တင်ပြ တောင်းခံခြင်း၊<br>• ကျေးရွာမှ ငွေကြေး ရနိုင်သမျှ စုဆောင်းထားခြင်း၊<br>• ပညာရေးဦးစီးဌာနသို့ စဉ်ဆက်မပြတ်ချိတ်ဆက် ၍ အခြေအနေမေးမြန်း ခြင်း၊ | ၁။ကလေးငယ်များဘေးကင်းလုံခြုံစွာပညာသင်ကြားနိုင်ရေး စီမံချက်။<br>• စာသင်ဆောင်ပြုပြင်မွမ်းမံရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊မိဘဆရာအသင်းမှ ဦးဆောင်၍ပြုပြင်ရန်ကုန်ကျစရိတ် တွက်ချက်ခြင်းနှင့် ရံပုံငွေရရှိမည့်အစီအစဉ်များချမှတ်ခြင်း၊<br>• ကျေးရွာအတွင်း လုပ်အား၊ငွေအား ထည့်ဝင် ရန် ညှိနှိုင်း ဆွေးနွေးခြင်း၊<br>• ပြုပြင်ရန်ကုန်ကျစရိတ် တွက်ချက်ခြင်းနှင့် ရံပုံငွေ ရရှိမည့်အစီအစဉ်များချမှတ်ခြင်း၊<br>• ကျေးလက်ဦးစီးဌာနသို့ |

နောက်ဆက်တွဲ(၂)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၄ | ၁ | ၅ |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၄ | ၁၁ | ၂၅ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၂ | ၁၇ | ၃၉ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၈ | ၉ | ၂၇ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၇၄ | ၂၀၅ | ၃၇၉ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၆ | ၁၂ | ၁၈ |
| စုစုပေါင်း | | ၂၃၈ | ၂၅၅ | ၄၉၃ |
| စုစုပေါင်း အိမ်ထောင်စု | | | | ၁၃၉ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျောက်တန်းရွာတွင် ၁နှစ်အောက် ၅ဦး၊ ၁နှစ်မှ ၄နှစ်အထိ (၂၅)ဦး၊ ၅နှစ်မှ ၉နှစ်အထိ(၃၉)ဦး၊ ၁၀မှ ၁၄နှစ်အထိ (၂၇)ဦး၊ ၁၅နှစ်မှ ၆၄နှစ်ထိ အလုပ်လုပ်နိုင်သည့်အရွယ် ၃၇၉ ဦးရှိပါသည်။ ၆၅နှစ်အထက် သက်ကြီးရွယ်ကြီးများမှာ ၁၈ ဦးရှိပါသည်။အိမ် ထောင်စု (၁၃၉) စုရှိပြီး

လူဦးရေ(၄၉၃) ဦးရှိသဖြင့် တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၃.၅၅ )ဦးရှိပြီး နိုင်ငံတော်အဆင့် ပျမ်းမျှလူဦး(၅) ဦးထက်လျော့နည်းပါသည်။အလုပ်လုပ်နိုင်သည့် အရွယ်လူဦးရေမှာ ကျေးရွာလူဦးရေ၏ ( ၇၆.၈၇ % )ရှိသဖြင့် လုပ်သားအင်အား အရင်း အမြစ်ကောင်းတစ်ရပ်ဖြစ်ကြောင်း တွေ့ရှိရသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ် ထောင်စု | မိသားစု ဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၆ | ၁၁၂ | ၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | ၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၈ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၁ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၅ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | ၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂ | ၄ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၁ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | | | | | |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၇၄ | ၂၃ | ၀ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | စုစုပေါင်း | | | | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ ကျောက်တန်းရွာတွင် စိုက်ပျိုးရေး၊ ကျပန်းလုပ်ငန်းတို့ကို အဓိက လုပ်ကိုင်ကြသည်။ အခြားလုပ်ငန်းများအနေဖြင့် ပန်းရံလုပ်ကိုင်ခြင်း၊ဈေးဆိုင်ရောင်းချခြင်း၊စက်ချုပ်ခြင်း၊အထည်ချုပ်စက်ရုံတွင် လုပ်သားအဖြစ်လုပ်ကိုင်ခြင်း၊ ဆိုင်ကယ်တက်စီးဆွဲခြင်း၊ ကားလိုင်ပြေးခြင်း(၁)ဦး၊ ပညာရေးဝန်ထမ်း(၁)ဦး၊ ရွှေပြောင်းလုပ်ကိုင်ခြင်း၊ ရာသီပေါ်ကျန်ပန်းလုပ်ကိုင်ခြင်းတို့ဖြစ်ကြသည်။ အများစုမှာရာသီပေါ်သီးနှံစိုက်ပျိုးရာတွင် ကျပန်းလုပ်ကိုင်ခြင်းဖြင့် အသက်မွေးကြသည်။

(ခ-၂)   လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃)  လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၅၀၀၀ | ၀ | ၃၀၀၀ | ၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၀ | ၃၀၀၀ | ၀ | ၁၅၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | ၀ | ၀ | ၀ | ၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | ၀ | ၀ | ၀ | ၀ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်  (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

**(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ကျောက်တန်းရွာ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ကျားတစ်ဦးလျှင် တစ်နေ့ဝင်ငွေအများဆုံး(၄၀၀၀)ကျပ်နှင့် အနည်းဆုံးဝင်ငွေ(၃၀၀၀)ကျပ်၊ အမျိုးသမီးများမှာတစ်နေ့ဝင်ငွေ(၃၀၀၀)နှင့်အနည်းဆုံးဝင်ငွေ(၁၅၀၀)ကျပ် လုပ်အားခအဖြစ်ဝင်ငွေရရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ အမျိုးသမီး၊ အမျိုးသားမှာ လုပ်အားစိုက်ထုတ်မှု အပေါ်မူတည်၍ လုပ်အားခ အနည်းငယ်ကွာဟမှုရှိပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၃၂.၀၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၂၃၇.၀၀ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း / ကျွန်းမြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | ၀.၀၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | ၃၆၉ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

လေ့လာတွေ့ရှိချက်။ ။ကျောက်တန်းရွာတွင် လယ်မြေ (၁၃၂)ဧကနှင့် ယာမြေ(၂၃၇)ဧကရှိပါသည်။ ၁၉၉၉ခုနှစ် ဝဲကြီးဆည်စီမံကိန်းအရ ပြောင်းရွှေ့ရသော ရွာဖြစ်သည့်အတွက် နိုင်ငံတော်မှ သီးသန့်ချထားသော

ယာမြေများသာရှိသည့်အတွက် တစ်ခြား ဥယျာဉ်၊ ကိုင်း၊ ခနိ၊ စားကျက်၊ မြေလွတ်မြေလပ်များမရှိပါ။ မြေဆီလွှာအရည်အသွေးမှာ သဲမြေဖြစ်သည့်အတွက် အသင့်အတင့်မျှသာရှိပါသည်။

### (၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်း ဓာတ်သတ္တုသယံဇာတများမရှိသဖြင့် ထုတ်လုပ်နိုင်မှုမရှိပါ။ ကျေးရွာသည် ဇီးပင်လုံကြိုးဝိုင်းအတွင်းရှိသော ကျေးရွာဖြစ်ပြီး ကြိုးဝိုင်းမှ ဝါး၊သဲ၊ဂဝံကျောက်များ ရရှိနိုင်ပါသည်။ ထင်းငုတ်တိုများကိုလည်း ခုတ်ယူရောင်းချနိုင်ပါသည်။ ဆေးဘက်ဝင်အပင်အနေဖြင့် ဘုမ္မရာဇာ၊ နုပ်ချို၊ ရင်းပြားမြစ်၊ အင်ဥ တို့ကို တွေ့ရှိရပြီး အသုံးချမှုနည်းပါးပါသည်။ သဘာဝ တိရစ္ဆာန် အနေဖြင့် ငုံး၊ ယုန်၊ တောကြောင် အနည်းငယ်တွေ့ရှိရပါသည်။

**(ဃ) ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၃၉ | ၂၇ | ၂၄ | ၄၉ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ ကျောက်တန်းကျေးရွာ၏ မြေယာပိုင်ဆိုင်မှုတွင် အဆင်ပြေသောအိမ်ထောင်စု(၃၉)စု၊ အလယ်အလတ်ရှိအိမ်ထောင်စု (၂၇)စု၊ မပြေလည်သောအိမ်ထောင်စု(၂၄)စု၊ အလွန်မပြေလည်သော အိမ်ထောင်စု (၄၉) စုရှိကြောင်း တွေ့ရသည်။ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုများသည် လယ်ယာစိုက်ပျိုးရေး၊ ဈေးဆိုင်ရောင်းခြင်းကို အဓိကလုပ်ကိုင်ကြပြီး လယ်ယာမြေ (၃-၅) ဧက၊ အိမ်အခြေအနေမှာ ပတ်ကားတိုက်အိမ်ဖြစ်သည်။လယ်ယာသုံးပစ္စည်းအနေဖြင့် လက်တွန်းထွန်စက်ကို ပိုင်ဆိုင်ကြပြီး အချို့မှာ ကုန်တင်ရန် ထောက်လာဂျီ၊လိုက်ထရပ်ကား တို့ပိုင်ဆိုင်ကြသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ လယ်ယာမြေ ( ၃) ဧကအောက်သာ ပိုင်ဆိုင်ကြပြီး ပတ်ကားတိုက်(သို့)သွပ်မိုး၊ ထရံကာ(အိမ်အကြီး)ဖြင့် နေထိုင်ကြသည်။ လယ်ယာသုံးအနေဖြင့် စက်ကိရိယာပိုင်ဆိုင်မှုမရှိကြပါ။ နွားအနည်းအားခိုင်းစေရန် မွေးမြူကြသည်။ မပြေလည်သော အိမ်ထောင်စုများသည် သွပ်မိုး၊ထရံကာ အိမ်များဖြစ်ပြီး မြေဧက မပိုင်ဆိုင်သော လက်လုပ်လက်စားအိမ်ထောင်စုများဖြစ်သည်။ဝက်၊ကြက် အနည်းငယ်မွေးမြူကြပြီး လုပ်သားအင်အားများခြင်းကြောင့် အကြွေးတင်ရှိမှု နည်းပါးသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများသည် အင်ဖက်မိုး၊ဝါးကြမ်းခင်းအိမ်များဖြစ်ကြပြီး လက်လုပ်လက်စား ကို အဓိကလုပ်ကိုင်ကြသည်။

(င)  ထိနိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | ၀ |
| ၄ | လူမှုရေး၊ ကျန်းမာရေး ကိစ္စများကြောင့် (social protection, health) | ၀ |
| ၅ | အမျိုးအမည် ခွဲခြားမဖော်ပြနိုင် (သို့မဟုတ်) အကြောင်းအရင်းကို ဖြေဆိုထားခြင်း/ ဖြေဆိုလိုခြင်းမရှိ | ၀ |

**ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

လေ့လာတွေ့ရှိချက်။ ။ကျောက်တန်းကျေးရွာတွင် ရွှေ့ပြောင်းသွားလာရသည့် အဓိကအကြောင်းအရင်းမှာ အလုပ်အကိုင်ရှားပါးပြီး ဝင်ငွေနှင့်ထွက်ငွေမျှတမှုမရှိ၍ စားဝတ်နေရေးမပြေလည်သည့်အတွက် ပိုမို ကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများ ရှာဖွေ ရန်သွားလာရခြင်းဖြစ်ပါသည်။

**(ဂ-၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ**

**ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ**

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | | | |
|---|---|---|---|---|---|
| | | စုစုပေါင်း | မြင့် | လတ် | နိမ့် |
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၉ | ၀ | ၀ | ၉ |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | |
| | က။ ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | ၀ | ☒ | | |
| | ခ။ ဘဏ် | ၀ | | | |
| | ဂ။ လူကြုံဖြင့်လွှဲပို့ခြင်း | ၉ | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျောက်တန်းကျေးရွာတွင် ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေကို မှီခိုရသော အိမ်ထောင်စုမှာ (၉)စုဖြစ်ပြီး အိမ်ထောင်စု နိမ့်အဆင့်မှာရှိပါသည်။ ပြန်ပို့သောလမ်း ကြောင်းမှာလူကြုံဖြင့် မှာယူရကြောင်းလေ့လာတွေ့ရှိရပါသည်။

(ဃ) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | မှတ်တိုင်ဈေး(၅)မိုင် | ပေါင်းတည်ဈေး(၁၀ မိုင်) |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ဝ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☑ ၅ မှ ၁၀ မိုင် ☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ဝ မှ ၁၀ မိုင် ☑ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀ မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀ မိုင် အထက် ☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ |
| ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ☑ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း ☑အဝတ်အထည်☐ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ☐ ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင်☐ | စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ☑ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း ☑ အဝတ်အထည်☑ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ☑ ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင်☑ |
| ဈေးအခြေခံအဆောက်အဦ | ကောင်း ☐ သင့် ☑ ညံ့ ☐ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဝန်ဆောင်မှု | ကောင်း ☐ သင့် ☐ ညံ့ ☑ | ကောင်း ☐ သင့် ☑ ညံ့ ☐ |

ရင်းမြစ် ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊

လေ့လာတွေ့ရှိချက်။ ။ ကျောက်တန်းကျေးရွာတွင် ဈေးကွက်လက်လှမ်းမှီမှုမှာ မှတ်တိုင်ဈေး(၅)မိုင်အကွာ၊ပေါင်းတည်မြို့ ရွှေတည်ဈေးသို့(၁၀)မိုင်ကွာဝေးပါသည်။ အလတ်စားဈေးဖြစ်ပါသည်။ သယ်ယူပို့ဆောင်ရေးမှာ ကား၊ ထော်လာဂျီ၊ ဆိုင်ကယ်များဖြင့် သွားရောက်ရပါသည်။ ကုန်စည်နှင့်ဝန် ဆောင်မှုမှာ ပစ္စည်းစုံရရှိနိုင်ကြောင်းလေ့လာတွေ့ရှိရပါသည်။ ဒေသထွက်သီးနှံများ(စပါး၊မြေပဲ၊နှမ်း)တို့ကို အများအားဖြင့် ကျေးရွာအတွင်းပင် ရောင်းချကြသည်။ ဈေးနှုန်းကွာဟမှု အနည်းငယ်ရှိပါသည်။

## (င) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

**ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း**

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲ များ |
|---|---|---|---|---|---|
| အစိုးရဘဏ် (မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်/ မြန်မာ့စီးပွားရေးဘဏ်) | ကာလတိုချေးငွေ ☐ ကာလလတ်ချေးငွေ ☑ ကာလရှည်ချေးငွေ ☐ | ၃၆ လအတွင်း ☐ ၆လ မှ တစ်နှစ်ထိ ☑ တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐ ၁ မှ ၂% ☑ ၂ မှ ၅% ☐ ၅ မှ ၁၀ % ☐ ၁၀ % ထက် ☐ | လိုအပ်သည် ☐ မလိုအပ်ပါ ☑ | နည်းသည် ☑ ရှိသည် ☐ မရှိပါ ☐ |
| သမဝါယမချေးငွေ | ကာလတိုချေးငွေ ☑ ကာလလတ်ချေးငွေ ☐ ကာလရှည်ချေးငွေ ☐ | ၃၆ လအတွင်း ☑ ၆လ မှ တစ်နှစ်ထိ ☐ တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐ ၁ မှ ၂% ☑ ၂ မှ ၅% ☐ ၅ မှ ၁၀ % ☐ ၁၀ % ထက် ☐ | လိုအပ်သည် ☐ မလိုအပ်ပါ ☑ | နည်းသည် ☑ ရှိသည် ☐ မရှိပါ ☐ |
| ပုဂ္ဂလိကဘဏ် | ကာလတိုချေးငွေ ☐ ကာလ | ၃၆ လအတွင်း ☐ ၆လ | အတိုးမဲ့ ☐ ၁ | လိုအပ်သည် ☐ မ | နည်းသည် ☐ |

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲ များ |
|---|---|---|---|---|---|
| | လတ်ချေးငွေ ☐ ကာလရှည်ချေးငွေ ☐ | မှ တစ်နှစ်ထိ ☐ တစ်နှစ်နှင့် အထက် ☐ | မှ ၂% ☐ ၂ မှ ၅% ☐ ၅ မှ ၁၀ % ☐ ၁၀ % ထက် ☐ | လိုအပ်ပါ ☐ | ရှိသည် ☐ မရှိပါ ☐ |
| ပုဂ္ဂလိက အသေးစား ချေးငွေဝန်ဆောင်မှု ကဏ္ဍ | ကာလတိုချေးငွေ ☐ ကာလလတ်ချေးငွေ ☑ ကာလရှည်ချေးငွေ ☐ | ၃-၆ လအတွင်း ☐ ၆လ မှ တစ်နှစ်ထိ ☑ တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐ ၁ မှ ၂% ☐ ၂ မှ ၅% ☑ ၅ မှ ၁၀ % ☐ ၁၀ % ထက် ☐ | လိုအပ်သည် ☐ မလိုအပ်ပါ ☑ | နည်းသည် ☑ ရှိသည် ☐ မရှိပါ ☐ |
| အဖွဲ့အလိုက် ငွေစု/ ငွေချေး အစီအစဉ် | ကာလတိုချေးငွေ ☐ ကာလလတ်ချေးငွေ ☐ ကာလရှည်ချေးငွေ ☐ | ၃-၆ လအတွင်း ☐ ၆လ မှ တစ်နှစ်ထိ ☐ တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐ ၁ မှ ၂% ☐ ၂ မှ ၅% ☐ ၅ မှ ၁၀ % ☐ ၁၀% ထက် ☐ | လိုအပ်သည် ☐ မလိုအပ်ပါ ☐ | နည်းသည် ☐ ရှိသည် ☐ မရှိပါ ☐ |
| ငွေချေးပေးသူ | ကာလတိုချေးငွေ ☐ ကာလလတ်ချေးငွေ ☐ ကာလ | နေ့စဉ် ☐ လစဉ် ☐ ၃-၆ လအတွင်း | အတိုးမဲ့ ☐ ၁ မှ ၂% ☐ ၂ | လိုအပ်သည် ☐ မလိုအပ်ပါ ☐ | နည်းသည် ☐ ရှိသည် |

| ချေးငွေ ရရှိနိုင်သည့်နေရာ | ငွေကြေးဝန်ဆောင်မှုအမျိုးအစား | ပြန်လည်ပေးဆပ်ရမည့်ကာလ | အတိုးနှုန်း (လ) | အပေါင်ခံပစ္စည်းလိုအပ်မှု | ချေးငွေရရန်အခက်အခဲများ |
|---|---|---|---|---|---|
| | ရှည်ချေးငွေ ☐ | ☐ ၆လ မှ တစ်နှစ်ထိ ☐ တစ်နှစ်နှင့် အထက် ☐ | မှ ၅% ☐ ၅ မှ ၁၀ % ☐ ၁၀ % ထက် ☐ | | ☐ မရှိပါ ☐ |
| အပေါင်ဆိုင် | ကာလတိုချေးငွေ ☐ ကာလလတ်ချေးငွေ ☐ ကာလရှည်ချေးငွေ ☐ | နေ့စဉ် ☐ လစဉ် ☐ ၃-၆ လအတွင်း ☐ ၆လ မှ တစ်နှစ်ထိ ☐ တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐ ၁ မှ ၂% ☐ ၂ မှ ၅% ☐ ၅ မှ ၁၀ % ☐ ၁၀ % ထက် ☐ | လိုအပ်သည် ☐ မလိုအပ်ပါ ☐ | နည်းသည် ☐ ရှိသည် ☐ မရှိပါ ☐ |
| မိတ်ဆွေနှင့်ဆွေမျိုးများ | ကာလတိုချေးငွေ ☐ ကာလလတ်ချေးငွေ ☐ ကာလရှည်ချေးငွေ ☐ | နေ့စဉ် ☐ လစဉ် ☐ ၃-၆ လအတွင်း ☐ ၆လ မှ တစ်နှစ်ထိ ☐ တစ်နှစ်နှင့် အထက် ☐ | အတိုးမဲ့ ☐ ၁ မှ ၂% ☐ ၂ မှ ၅% ☐ ၅ မှ ၁၀ % ☐ ၁၀ % ထက် ☐ | လိုအပ်သည် ☐ မလိုအပ်ပါ ☐ | နည်းသည် ☐ ရှိသည် ☐ မရှိပါ ☐ |

ရင်းမြစ် (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေး ဝန်ဆောင်မှုပေးသောအဖွဲ့များ။

မှတ်ချက်။ ။မြန်မာ့စီးပွားရေးဘဏ်၏ သတ်မှတ်ချက်အရ ကာလတိုချေးငွေ ဆိုသည်မှာ <u>အနည်းဆုံး တစ်ရက်မှ အများဆုံး တစ်နှစ်အထိ</u>၊ ကာလလတ်ချေးငွေ ဆိုသည်မှာ <u>၃ နှစ်မှ ၅</u>

**နှစ်အထိ၊ ကာလရှည် ချေးငွေဆိုသည်မှာ ၅ နှစ်မှ ၁၀ နှစ် အထိဟု သတ်မှတ်ထားပါသည်။ အကယ်၍ ၁၀ နှစ် ကာလအထက် ရှည်ကြာစွာချေးပေးသော ချေးငွေများရှိခဲ့သော ကာလရှည်ချေးငွေတွင်သာ ထည့်သွင်းပေးရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။ကျောက်တန်းကျေးရွာတွင် ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်းများမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်ယာမြေပိုင်ဆိုင်သူများသာ ချေးငွေရပါသည်။ တစ်ဧကလျှင် (၁၅၀၀၀၀ ကျပ်)ထုတ်ချေးပြီး အများဆုံးမှာ (၁၀)ဧကအတွက် ထုတ်ချေးပေးပါသည်။ ကျေးရွာတွင် လယ်ဧကအများဆုံးလုပ်ကိုင်သူမှာ (၃)ဧက ခန့်သာ ရှိပါသည်။ အတိုးနှုန်းမှာ (၀.၆၂ % )တိုး (နှစ်တိုး) ဖြစ်ပြီး (၈) လခန့်အသုံးပြုနိုင်ပါသည်။ လယ်တစ်ဧကလျှင် (၁၇၀၀၀၀)ကျပ်ခန့်ကုန်ကျသဖြင့် လုံလောက်မှုမရှိပါ။သီးနှံများကို ဈေးကောင်း ရရှိရန် အချိန်မစောင့်ဆိုင်းနိုင်ဘဲ ချေးငွေပြန်လည်ပေးဆပ်ရန် ရသည့်ဈေးဖြင့် ရောင်းချရမှုများ ရှိပါသည်။ ကာလရှည် ချေးငွေ(၃ နှစ်ခန့် )ထုတ်ချေးပေးနိုင်လျှင် ပိုမိုသင့်လျှော်ပါမည်။ သမချေးငွေမှာ (၁.၅ ကျပ်)နှုန်း (လတိုး) ဖြစ်သော်လည်း ထုတ်ချေးသည့် အချိန်နောက်ကျ ခြင်း၊ ပြန်လည်ပေးဆပ်ချိန်တွင် စော၍ ကောက်ခံခြင်း၊ အဖွဲ့ဝင်အဖြစ်မှ ထွက်လျှင် စုဆောင်းငွေများအား ချက်ခြင်း ပြန်လည် ထုတ်ပေးမှုမရှိခြင်းတို့ကြောင့် ချေးယူရန် စိတ်ပါဝင်စားမှု နည်းပါးသည်။ ချေးယူသူ နည်းပါသည်။ အသေးစားပုဂ္ဂလိက ချေးငွေ အနေဖြင့် ( DAWN) အဖွဲ့မှ လာရောက်ချေးပါသည်။ (၂.၅ကျပ်တိုး) လတိုး ဖြစ်ပြီး (၁၄) ရက်တစ်ကြိမ်ပြန်လည်ပေးဆပ်ရသဖြင့် လုပ်ငန်းလုပ်ကိုင်ရန် အချိန်မရရှိဘဲ လက်လုပ်လက်စားမိသားစုများ၊မွေးမြူရေးလုပ်ကိုင်လိုသူများအတွက် ပြန်လည်ပေးဆပ်ရန် အခက်အခဲရှိပါသည်။

**(စ) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှု**

**(စ-၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

**ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

| အခြေအနေ | အခက်အခဲ | အန္တရာယ်ရှိမှု<br>(အခက်အခဲ "ရှိ" ဟု ဖြေ ဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို။)) |
|---|---|---|
| မြေဆီလွှာ အခြေအနေ | ရှိ ☑ မရှိ ☐ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| အပင်မျိုးစိတ်များ | ရှိ ☑ မရှိ ☐ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | ရှိ ☑ မရှိ ☐ | မြင့် ☐ လတ် ☑ နိမ့် ☐ |

| အခြေအနေ | အစက်အခဲ | အန္တရာယ်ရှိမှု (အစက်အခဲ "ရှိ" ဟု ဖြေ ဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို။)) |
|---|---|---|
| ရေအရင်းအမြစ် | ရှိ ☑ မရှိ ☐ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ငါးမျိုးကွဲများ | ရှိ ☑ မရှိ ☐ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | ရှိ ☑ မရှိ ☐ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | ရှိ ☑ မရှိ ☐ | မြင့် ☐ လတ် ☐ နိမ့် ☑ |

**ရင်းမြစ် ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကျောက်တန်းကျေးရွာတွင် မြေဆီလွှာအခြေအနေမှာ သဲဆန်သောမြေဖြစ်သည့်အတွက် မြေဆီမြေသြဇာဆုံးရှုံးမှုများဖြစ်ပေါ်ပါသည်။ အပင်မျိုးစိတ်များလည်း မိုးများလျှင် ရောဂါကျရောက်မှု ရှိပါသည်။ ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု အားနည်း ပါသည်။ ရေအရင်းအမြစ်၊ ငါးမျိုးကွဲ၊ အခြားတိရစ္ဆာန်မျိုးကွဲ၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုများ မရှိဟုတွေ့ရပါသည်။ ယခုနှစ်ပိုင်း ဓာတုဓာတ်မြေသြဇာများကို သီးနှံအထွက်တိုးရေးအတွက် သုံးစွဲလာသဖြင့် မြေဆီလွှာ ပျက်ယွင်းမှု ရှိလာသည်ကို လေ့လာတွေ့ရှိရပါသည်။

**(ဆ) ပညာရေး**

**(ဆ-၁) ပညာရေးနှင့် စာတတ်မြောက်မှု**

**ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း**

| အတန်းပညာ ပြီးမြောက်မှု | ကျား | မ | ပေါင်း |
|---|---|---|---|
| စာမတတ်သူဦးရေ | ၁ | ၁ | ၂ |
| မူလတန်းအဆင့်ရှိသူ ဦးရေ | ၁၈၈ | ၂၀၉ | ၃၉၇ |
| အလယ်တန်းအဆင့်ရှိသူ ဦးရေ | ၂၆ | ၂၀ | ၄၆ |
| အထက်တန်းအဆင့်ရှိသူ ဦးရေ | ၅ | ၁၂ | ၁၇ |
| တက္ကသိုလ်/ကောလိပ် အဆင့်ရှိသူ ဦးရေ | ၀ | ၁ | ၁ |

**ရင်းမြစ် အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**မှတ်ချက်။ ။ ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေး ဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော အတန်းပညာ တက်ရောက်ပြီး/**

တက်ရောက်ဆဲသူများကိုသာ ဖြည့် သွင်းရန်ဖြစ်ပါသည်။ ဖော်ပြပါအချက်နှင့် ကိုက်ညီချင်း မရှိခဲ့သော် ဇယားတွင် ဖြည့်သွင်းခြင်းမရှိဘဲ လေ့လာ တွေ့ရှိချက်တွင်သာ မှတ်ချက်အနေဖြင့် ဖော်ပြရန် ဖြစ်ပါသည်။ အတန်းပညာပြီးမြောက်မှုဆိုသည်မှာ တစ်ဦး တစ်ယောက်၏ ဘဝတွင် သင်ယူလေ့လာခဲ့သော နောက်ဆုံး ပညာရေးအဆင့်/ အခြေအနေကို ဆိုလိုပါသည်။

ဥပမာ - ယခု စာရင်းကောက်ယူချိန်တွင် အဋ္ဌမတန်း (Grade 8) တွင် ပညာသင်ကြားနေသည်ပါက "အလယ်တန်းအဆင့်ရှိသူဦးရေ" တွင်လည်းကောင်း တတိယတန်း(Grade 3) တွင်ပညာသင်ကြားနေပါက (သို့မဟုတ်) ရေးတတ်ဖတ်တတ်အဆင့်သာ (ဥပမာ-ဘုန်းကြီးကျောင်းထွက်) ရှိသည်ဆိုပါက "မူလတန်း အဆင့်ရှိသူဦးရေ" တွင်သာ ထည့်သွင်းရပါမည်။ "ဘုန်းကြီးကျောင်းသင်ပညာရေး (ဘက-ကျောင်း)"ကို ဆည်းပူးခဲ့၊ ဆည်းပူးဆဲဖြစ်ပါက သက်ဆိုင်ရာ အတန်းပညာအဆင့်အလိုက် ထည့်သွင်းရပါမည်။ စတုတ္ထတန်း (Grade4)အောင်မြင်ပြီး အလယ်တန်းပညာ ဆက်လက်သင်ကြားခြင်းမရှိပါက "မူလတန်း အဆင့်ရှိသူဦးရေ" တွင်သာ ထည့်သွင်းရပါမည်။ အခြေခံပညာ မူလတန်းပညာကို သင်ယူပြီးဆုံးသင့်သည့်အရွယ်ကို ကျော်လွန်ပြီး ဖြစ်သော်လည်း စာလုံး၀ မတတ်ပါက "စာမတတ်သူဦးရေ" တွင်သာ ဖြည့်သွင်းရန် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျောက်တန်းကျေးရွာတွင် အတန်းပညာပြီးမြောက်မှုမှာ အလယ်တန်းရှိသူဦးရေ (၄၆)ဦးရှိပြီး အထက်တန်းအဆင့်ရှိသူမှာ (၁၇)ဦးသာရှိပါသည်။ ဘွဲ့ရပညာတတ်သူ (၁) ဦးသာရှိသဖြင့် ပညာတတ်မြောက်မှု အားနည်းသေးကြောင်းတွေ့ရှိရသည်။ ယခင်ကျေးရွာမရွှေ့ခင်က ရွာဟောင်းတွင် နှစ်စဉ် ရေကြီးနစ်မြုပ်ခြင်း၊ စာသင်ကျောင်းမရှိခြင်း၊ သွားလာရန် (၁၀) မိုင်ခန့်ကွာဝေးခြင်းတို့ကြောင့် မူလတန်းဖြင့်သာ ကျောင်းထုတ်မှုများသည်။ အတန်းပညာများကို ရေးနိုင်၊ဖတ်နိုင် အဆင့်သာ ပညာသင်ကြားကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဆ-၂) ကျောင်းတက်နှုန်း**

**ဇယား (၃၁) ကျောင်းတက်နှုန်း**

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၂၉ | ၁၉ | ၄၈ |
| အလယ်တန်း | ၁၁ | ၈ | ၁၉ |
| အထက်တန်း | ၄ | ၆ | ၁၀ |
| တက္ကသိုလ်/ကောလိပ် | ၀ | ၁ | ၁ |

ရင်းမြစ် (၁) ကျောင်း၀င်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေး၀န်ကြီး ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင်

**ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။ကျောက်တန်းကျေးရွာ၏ ယခုကျောင်းတက်နှုန်းမှာ မူလတန်း(၄၈)ဦးနှင့် အလယ်တန်း(၁၉)ဦး၊ အထက်တန်း(၁၀)ဦး၊ တက္ကသိုလ်(၁)ဦးလက်ရှိပညာသင်ကြားနေပါသည်။ မူလတန်း ကျောင်းနေအရွယ်လူဦးရေထက် ကျောင်းသားဦးရေ ပိုမိုများပြားရ ခြင်းမှာ အသက်ကြီးမှ ကျောင်းထားသူ များကြောင့်ဖြစ်သည်။ မူလတန်း၊အလယ်တန်းကို ကျောင်းနေအရွယ် ကျောင်းသား/သူ အားလုံးတက်ရောက် နိုင်ကြပါသည်။ အထက်တန်းအားလည်း (၈၀ %) အထိ တက်ရောက်နိုင်ကြပြီး စီးပွားရေးမပြေလည် သောကြောင့် ကျောင်းထုတ်လိုက်ရသူ အနည်းငယ်ရှိပါသည်။ ယခုအခါ ပညာရေးကို စိတ်အားထက်သန်စွာ လုပ်ဆောင်လာကြပြီး ပညာတတ်များ ပိုမိုထွန်းကားလာပါသည်။

**(ဆ-၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ**

**ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ**

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| က။ ကျောင်းအဆင့် | မူလတန်း<br>☑ မူလွန်<br>☐ အလယ်တန်း<br>(ခွဲ)<br>☐ အလယ်တန်း<br>☐ အထက်တန်း<br>(ခွဲ)<br>☐ အထက်တန်း<br>☐ | မူလတန်း<br>☐ မူလွန်<br>☐ အလယ်တန်း<br>(ခွဲ)<br>☐ အလယ်တန်း<br>☐ အထက်တန်း<br>(ခွဲ)<br>☐ အထက်တန်း<br>☐ | မူလတန်း<br>☐ မူလွန်<br>☐ အလယ်တန်း<br>(ခွဲ)<br>☐ အလယ်တန်း<br>☐ အထက်တန်း<br>(ခွဲ)<br>☐ အထက်တန်း<br>☐ |
| ခ။ ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် ☑ ၁ မိုင် မှ ၃ မိုင်<br>☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင်<br>☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင်<br>☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐ |
| ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင်<br>☑ စက်ဘီး<br>☑ ဆိုင်ကယ်<br>☐ ကား ☐ | ခြေလျင်<br>☐ စက်ဘီး<br>☐ ဆိုင်ကယ်<br>☐ ကား ☐ | ခြေလျင်<br>☐ စက်ဘီး<br>☐ ဆိုင်ကယ်<br>☐ ကား ☐ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၁၂၀၀ | | | ၀ | | | ၀ | | |
| င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း ☐ သင့် ☐ ညံ့☑ | | | ကောင်း ☐ သင့်☐ ညံ့☐ | | | ကောင်း ☐ သင့်☐ ညံ့☐ | | |
| စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည် ☐ မလုံလောက်ပါ ☑ | | | လုံလောက်မှုရှိသည် ☐ မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည် ☐ မလုံလောက်ပါ ☐ | | |
| ဆ။ ကျောင်းအိမ်သာ အခြေအနေ | ကောင်း☐ သင့် ☐ ညံ့☑ မရှိ☐ | | | ကောင်း☐ သင့် ☐ ညံ့☐ မရှိ☐ | | | ကောင်း☐ သင့် ☐ ညံ့☐ မရှိ☐ | | |
| ဈ။ ကျောင်းအာဟာရ တိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည် ☑ တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည် ☐ တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည် ☐ တိုက်ကျွေးမှု မရှိပါ ☐ | | |
| ဇ။ ကျောင်းဆရာ/မ ဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ကျေးရွာခန့် | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |

**ရင်းမြစ်　(၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**မှတ်ချက်။　။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။　။ကျောက်တန်းကျေးရွာ၏စာသင်ကျောင်းဆောင်အဆင့်မှာ မူလတန်းအဆင့်ဖြစ်ပြီး ကျေးရွာတွင်း တည်ရှိပါသည်။ ကျေးရွာလူထု ၂၀၁၀ ခုနှစ်မှ စ၍ ယနေ့ထိတိုင်အောင် ငွေကျပ်(သိန်း၈၀) အကုန်အကျခံ ဆောက်လုပ်ထားသော သွပ်မိုး၊ထရံကာ၊ကွန်ကရစ် ခွေ(မြေနီခင်း) ကျောင်းဆောင်ဖြစ်ပြီး အရည်အသွေးမကောင်းပါ။ကျောင်းပရိဘောဂများမှာလည်း လုံလောက်မှုမရှိပါ။ ကျောင်းအိမ်သာမှာ သစ်သားအိမ်သာဖြစ်ပြီး ခိုင်ခံမှုအားနည်းပါသည်။အာဟာရတိုက်ကျွေးမှုများရှိပြီး အစိုးရခန့်ဆရာ/မ

မရရှိသေးသဖြင့် ကျေးရွာမှ ဆရာမ မငှားရမ်း၍ သင်ယူနေကြရသည်။ဆရာတစ်ဦးလျှင် လစာငွေ (၁၀၀၀၀၀) ကျပ် ပေးရပြီး (၂) ဦး ငှားရမ်းရသည်။ဆရာ/မ လစာအတွက် ကျေးရွာရှိ အိမ်ထောင်စုတိုင်းမှ လစဉ် ငွေကြေးကောက်ခံ၍ ပေးနေရပါသည်။ တစ်အိမ်လျှင် (၁၀၀၀-၅၀၀၀) ကျပ် ထည့်ဝင်ကြရပါသည်။ ကျေးရွာလူထုမှာ ပညာရေးဖွံ့ဖြိုးလာစေရန် စိတ်အားထက်သန်မှုရှိကြပြီး ကျောင်းဆောင်ဆောက်လုပ်ရန် ငွေတိုးများဖြင့်ယူ၍ ဆောက်ကြပြီး သီးနှံပေါ်ချိန်ပေးဖြင့် လုပ်ကိုင်နေရခြင်းဖြစ်သည်။ ကျောင်းဆောင်ပြုပြင် ပါကလည်း ငွေကြေး၊လုပ်အား တတ်နိုင်သမျှပါဝင်မည်ဖြစ်ပါသည်။ ပညာရေးဦးစီးဌာနသို့ မူလတန်း ကျောင်းချထားပေးရန် တင်ပြတောင်းဆိုထားပြီး ယခုအခါ ဇီးပင်လှ အ.မ.က (၂) ကျောင်းမှ မူလတန်းခွဲ အနေဖြင့် ကျထားပြီးဖြစ်ပါသည်။

(ဆ-၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ရရှိနိုင်မှု | လုံလောက် ☐ မလုံလောက် ☐ |
| တပည့် - ဆရာ အချိုး | ၄၀: ၁ အောက် ☑ ၄၀: ၁ အထက် ☐ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိ ☐ နည်း ☑ လတ် ☐ များ ☐ |
| မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် | ရှိ ☐ မရှိ ☑ |
| ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ | လုံလောက် ☐ မလုံလောက် ☑ |
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | မြင့် ☐ အသင့်အတင့် ☑ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများလက်လှမ်းမီမှု | မရှိ ☐ နည်း ☑ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | ကောင်း ☑ သင့် ☐ ညံ့ ☐ |

**ရင်းမြစ် (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မူလတန်းကျောင်းသား (၂၆)ဦးရှိပြီး ကျေးရွာခန့် ဆရာမ (၂) ဦးသာရှိပါသည်။ ကျောင်းသားဦးရေ ဖြင့် ကြည့်ပါက အချိုးကျသော်လည်း အတန်း(၁) တန်းစီအတွက် ဆရာ/မ (၁) ဦးမရှိသဖြင့် သင်ကြားရေးတွင် အခက်အခဲများစွာရှိ ပါသည်။ မူလတန်းကျောင်းဆောက်လုပ်ပြီးသည့်အချိန်မှ စ၍ မူလတန်းပညာကျောင်း ထွက်နှုန်းမရှိသော် လည်း အလယ်တန်း၊အထက်တန်းတို့တွင်မူ ကျောင်းထွက်နှုန်းများပါသည်။ အလယ်တန်း၊ အထက်ပညာကို ကျေးရွာနှင့် (၅)မိုင်အကွာရှိ ကြာနီကန်ကျောင်းတွင် တောလမ်းအတိုင်းသွား၍ တက်ရောက်ရပါသည်။ မိဘများမှ ကျောင်းစရိတ်မတတ်နိုင်ခြင်း၊ တောလမ်းအတိုင်းသွားရသဖြင့် စိတ်မချခြင်း တို့ကြောင့်

ကျောင်းထွက်ရသူ များပြားပြီး ဘွဲ့ရ ပညာတတ်(၂) ဦးသာရှိကြောင်း တွေ့ရသည်။ ကျောင်းတွင် ဘောလုံးကန်ရန် မြေနေရာကျယ်ဝန်းစွာရှိပြီး ဘောလုံးကန်မှုသာ အားကစားပြု နိုင်ကြသည်။ ရန်ပုံငွေမရှိသဖြင့် အားကစားပစ္စည်းများ ပြည့်စုံစွာ မထားရှိနိုင်ပါ။ မိဘဆရာအသင်းမှာ ကျောင်းဆောင် ဖြစ်မြောက်ရန်၊ ကျောင်းနေအရွယ် ကလေးများအား လုံးပညာသင်ကြားရန် လုပ်ဆောင်မှု အားကောင်းသည့် အဖွဲ့အစည်းဖြစ်ပါသည်။

**(၈) ကျန်းမာရေးနှင့် အာဟာရ**

**(၈-၁) အဖြစ်များသော ရောဂါများ**

**ဇယား (၃၄) အဖြစ်များသော ရောဂါများ**

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့် ☐ | နိမ့် ☐ | မရှိ ☑ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့် ☐ | နိမ့် ☑ | မရှိ ☐ |
| ၃ | ငှက်ဖျား | မြင့် ☐ | နိမ့် ☑ | မရှိ ☐ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့် ☐ | နိမ့် ☐ | မရှိ ☑ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့် ☐ | နိမ့် ☐ | မရှိ ☑ |
| ၆ | တီဘီ | မြင့် ☐ | နိမ့် ☑ | မရှိ ☐ |
| ၇ | ဆီးချို | မြင့် ☐ | နိမ့် ☑ | မရှိ ☐ |
| ၈ | သွေးတိုး | မြင့် ☐ | နိမ့် ☑ | မရှိ ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့် ☐ | နိမ့် ☐ | မရှိ ☑ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့် ☐ | နိမ့် ☑ | မရှိ ☐ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့် ☐ | နိမ့် ☐ | မရှိ ☑ |

**ရင်းမြစ် (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျောက်တန်းကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျားမရှိပါ။ မိုးကုန် ဆောင်းအကူးအချိန်တွင် တုပ်ကွေးရောဂါဖြစ်ပွားတတ်ပါသည်။ ဆီးချို၊ သွေးတိုးအနည်းငယ်တွေ့ရပါသည်။ အခြားကူးစက်နိုင်သောရောဂါများ မရှိပါ။ စီးပွားရေး မပြေလည်၊ ဝင်ငွေမရှိတဲ့အတွက်ကြောင့် အာဟာရမပြည့်ဝသော ကလေးငယ်အနည်းငယ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၈-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

**ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ရှိ ☑ | မရှိ ☐ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ရှိ ☑ | မရှိ ☐ |
| ၃ | ပိုလီယိုရောဂါ | ရှိ ☑ | မရှိ ☐ |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ရှိ ☑ | မရှိ ☐ |
| ၅ | ဝက်သက်ရောဂါ | ရှိ ☑ | မရှိ ☐ |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ရှိ ☑ | မရှိ ☐ |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ရှိ ☑ | မရှိ ☐ |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | ရှိ ☑ | မရှိ ☐ |

**ရင်းမြစ် (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။ကျောက်တန်းကျေးရွာတွင် ငွေပေါ်ကျေးရွာ၊ ကျေးလက် ကျန်းမာရေးဆေးပေးခန်းမှ တာဝန်ကျဆရာမမှ လာရောက်၍ ကာကွယ်ဆေး ပုံမှန်ထိုးနှံပေးမှုရှိ ပါသည်။အာဟာရဆိုင်ရာ အသိပညာပေးမှုကို စာသင်ကျောင်းများတွင်တွင်သာ ပြုလုပ်ကြပါသည်။ ကျန်းမာရေးအသိပညာပေးမှု ၊ဟောပြောပွဲများလုပ်ဆောင်မှု အားနည်းပါသည်။

**(၈-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

**ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ**

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☑ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☑<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☑<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☑<br>၁၀ မိုင်အထက် ☐ | ရှိ ☑<br>မရှိ ☐ |
| ဆေးဆိုင် | ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် ရှိသည် ☐<br>ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် မရှိပါ ☑ | ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားသည် ☑<br>ဆေးဆိုင်တွင် ဆေးဝါးများကို စနစ် တကျ သိုလှောင်ထားခြင်း မရှိပါ ☐ |

**ရင်းမြစ်	(၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။ငွေပေါကျေးရွာ( ကျောက်တန်းကျေးရွာနှင့် ၁ မိုင်အကွာ) တွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပြီး ကျေးရွာသူ/သားများ သွားရောက်ကုသမှု ၊ပြုသမှု နည်းပါးပါသည်။ တာဝန်ကျဆရာမမှာ ဆေးခန်းတွင် မရှိသည့်အချိန်များပါသည်။ကလေးမွေး ဖွားလိုသူများမှာလည်း ဆရာမ မရှိခြင်း၊ရှိပါကလည်း ဆေးရုံသို့ လွှဲပြောင်းခြင်းများသဖြင့် သွားရောက်ပြသမှု နည်းပါးကြခြင်း ဖြစ်သည်။ကြာနီကန်ကျေးရွာ (ကျေးရွာမှ ၅ မိုင်အကွာ) ၊မှတ်တိုင်ကျေးရွာ (ကျေးရွာမှ ၅ မိုင်အကွာ)တွင် တိုက်နယ်ဆေးရုံများရှိပြီး အများအားဖြင့် ကုန်ကျစရိတ် သက်သာ၍ ကုသမှု ထိရောက်သော မှတ်တိုင်ဆေးရုံသို့ သွားရောက်ကုသကြသည်။ကျေးရွာတွင် လူနာတင်ရန် သုံးဘီး၊လိုက်ထရပ်ကားများကို အလွယ်တကူ ငှားရမ်းနိုင်ပါသည်။ကျေးရွာတွင် ပရဟိတအဖွဲ့ ဖွဲ့စည်းထားပြီး ယင်းအဖွဲ့မှာ တစ်အိမ်ထောင်လျှင် (၅၀၀ ) ကျပ်စီ လစဉ်စုဆောင်း၍ ကျန်းမာရေးအခက်အခဲရှိပါက (၁၀၀၀၀-၃၀၀၀၀) ကျပ်အထိ ကူညီထောက်ပံ့ကြသည်။အရေးပေါ်ကျန်းမာရေးအတွက် အတိုးမဲ့ငွေချေးပေးမှုလည်းရှိပါသည်။ နာတာရှည်ရောဂါများအတွက် ဆေးဝါးများကို ပေါင်းတည်မြို့တွင် ဝယ်ယူရရှိနိုင်ပါ သည်။

**(၈) ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး**

**(၈-၁) သောက်သုံးရေ ရရှိမှု**

ဇယား (၃၇) သောက်သုံးရေ ရရှိနိုင်မှု

| **ရေရရှိနိုင်မှု** | **အသုံးပြုသော အိမ်ထောင်စု** | **သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ်စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" )** | **ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေး ထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို)** | **သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်)** |
|---|---|---|---|---|
| ရေတွင်း | ၃၉ | ရှိ ☐ မရှိ ☑ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | နွေ ☐<br>မိုး ☑<br>ဆောင်း ☑ |
| အဝီစိတွင်း/ စက်တပ် | ၃ | ရှိ ☐ မရှိ ☑ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | နွေ ☐<br>မိုး ☑<br>ဆောင်း ☑ |
| အဝီစိတွင်း/ တုံကင် | ၆၇ | ရှိ ☐ မရှိ ☑ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | နွေ ☑<br>မိုး ☑<br>ဆောင်း ☑ |
| မိုးရေ | ၀ | ရှိ ☐ မရှိ ☑ | ကောင်း ☐ | နွေ ☐ |

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ် စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ" ) | ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေး ထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထားပါက ဖြေရန်မလို) | သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| သိုလှောင်ကန် | | | သင့် ☐<br>ညံ့ ☐ | မိုး ☐<br>ဆောင်း ☐ |
| မြစ်/ချောင်းရေ | ၀ | ရှိ ☐ မရှိ ☑ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| ရေကန် | ၀ | ရှိ ☐ မရှိ ☑ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| စိမ့်စမ်းရေ | ၀ | ရှိ ☐ မရှိ ☑ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |

**ရင်းမြစ်　(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။**

လေ့လာတွေ့ရှိချက်။　　။ ကျောက်တန်းကျေးရွာတွင် အိမ်ခြေ-၁၃၉အိမ်ရှိသည့်အနက် လက်တူးရေတွင်း (၆)တွင်း၊ အဝီစိစက်တွင်း(၁၁)တွင်း၊ တုံကင်(၁)တွင်း စုစုပေါင်း(၁၇)တွင်းသာရှိပါသည်။ သောက်သုံးရေအရည်အသွေးစမ်းသပ်စစ်ဆေးထားမှုမရှိသေးပါ။ အဝီစိစက်တပ် တွင်းမှာ တစ်နှစ်ပတ်လုံး သောက်သုံးရေရရှိနိုင်ပြီး၊ လက်တူးတွင်းမှာ နွေရာသီတွင်ခမ်းခြောက်လိမ့်ရှိပါသည်။ အခြားမိုးရေ၊ ချောင်းရေ၊ ကန်ရေ၊ စိမ့်စမ်းရေတို့ မရှိကြောင်းလေ့လာတွေ့ရှိရပြီး၊ နွေရာသီတွင် မိသားစုတွင်းများ၊ ဘုန်းကြီးကျောင်းရှိ ဦးကျော်သူနာရေးကူညီမှုအသင်းမှ တူးဖော်ပေးထားသည့် စက်ရေတွင်းအား ကျေးရွာ(၁)ရွာလုံးမှ အသုံးပြု

နေရပြီး နွေရာသီအချိန်တွင် ရေလုံလောက်မှုမရှိသည့်အခက်အခဲနှင့် ကြုံတွေ့နေရကြောင်းလေ့ လာတွေ့ရှိရပါသည်။အမျိုးသားများသည် ဝင်ငွေရလုပ်ငန်းလုပ်ကိုင်မှု များပြားပြီး အမျိုးသမီးများ မှာ အဓိက ရေခပ်ကြပြီး ဘုန်းတော်ကြီးကျောင်းဝန်းဖြစ်သဖြင့် အချိန်မရွေးခပ်ယူရန် သင့်လျော်မှုမရှိပါ။ ယင်းစက်တွင်းအား ပုံမှန် လည်ပတ်နိုင်ရန် ကပ္ပိယကြီးမှ ဦးဆောင်၍ ဒီဇယ်ဆီဖိုးစုဆောင်းခြင်း၊ ပြင်ဆင်စရိတ်စုဆောင်းခြင်းတို့ လုပ်ဆောင်လျှက်ရှိသည်။ ဘုံအသုံး ပြုသည့် နည်းစနစ်များ ကျေးရွာတွင် ရှိပြီးဖြစ်သည်။ အထူးသဖြင့် ဝင်ငွေနည်းမိသားစုများ လက်လှမ်းမှီနိုင်မည့် နေရာတွင် အဝီစိစက်တွင်း ၊ရေနက်တွင်း (၄၀၀-၅၀၀ ပေ) ၁ တွင်းတူးဖော်ပေးနိုင်ရန် လိုအပ်လျှက်ရှိပါသည်။အများပိုင်အသုံးပြုနိုင်ရန် မြေနေရာပေးနိုင်ပြီး ကျွေးမွေးစရိတ်များ အတွက်ကျေးရွာမှ ကျခံနိုင်ပါသည်။

**(၈-၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)**

**ဇယား (၃၈) အိမ်သာ အမျိုးအစား**

| **သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား** | **သုံးစွဲနိုင်သော အိမ်ထောင်စု** |
|---|---|
| သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု | |
| ရေဆွဲ အိမ်သာ | ၀ |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၃၉ |
| မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု | |
| တွင်း/ဇလားအိမ်သာ | ၀ |
| တွင်းမရှိ အိမ်သာ | ၀ |
| အိမ်သာမရှိ | ၀ |

**ရင်းမြစ် (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

လေ့လာတွေ့ရှိချက်။ ။ကျောက်တန်းကျေးရွာ၏ ကျန်းမာသန့်ရှင်းရေးအခြေအနေမှာ အိမ်ထောင်စုအားလုံးနီးပါး ရေလောင်း၊ ယင်လုံအိမ်သာသုံးစွဲနေကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(ည) ကျား_မ ရေးရာ

ဇယား (၃၉) ကျား _မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☑ | မရှိ ☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ ☑ | မရှိ ☐ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | ရှိ ☐ | မရှိ ☑ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | ရှိ ☑ | မရှိ ☐ |

**ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကျောက်တန်းကျေးရွာ၏ လူမှုစီးပွားဖွံ့ဖြိုးစေရန်အတွက် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်မှုရှိပါသည်။ ဘာသာရေးလုပ်ငန်းများ လူမှုရေး၊ ပရဟိတလုပ်ငန်းများ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများမှာလည်း ပါဝင်ဆောင်ရွက်ကြပါသည်။သို့ရာတွင် စီမံအုပ်ချုပ်မှု၌ ပါဝင်မှု နည်းပါသည်။ အစဉ်အလာ အမျိုးသားများသည်သာ စီမံအုပ်ချုပ်နိုင်သည်ဟု ယူဆသောကြောင့်ဖြစ်သည်။ နေ့စဉ်အိမ်တွင်းမှု လုပ်ငန်းများအပြင် ဝင်ငွေရရှိရန် ကွမ်းခူး၊မြတ်နှုတ်၊ပဲဆွတ် အစရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားလုပ်ကိုင်ကြသည်။ လွန်ခဲ့သောနှစ်တွင်ကျေးရွာတွင်းရှိ မိန်းကလေးများ သံသယဖြစ်ဖွယ်အကြမ်းဖက်မှုများမရှိပါ။ အမျိုးသမီးများအကြမ်းဖက်မှုအတွက် ဥပဒေနှင့်တရားမျှမှုဆိုင်ရာ အသိအမြင်နှင့် ဗဟုသုတအနည်းငယ်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၄) အခြေခံ အဆောက်အဦများ အခြေအနေ

(၄-၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီ အလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| ရွာတွင်းလမ်း | ၁ ☑ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ | ကောင်း ☐ သင့် ☑ ညံ့ ☐ | ၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက် ☑ | ပွင့်လင်းရာသီ ☑ တစ်နှစ်ပတ်လုံး ☐ | ၀-၁ မိုင် ☑ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐ |
| ချဉ်းကပ်လမ်း | ၁ ☑ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ | ကောင်း ☐ သင့် ☐ ညံ့ ☑ | ၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက် ☑ | ပွင့်လင်းရာသီ ☑ တစ်နှစ်ပတ်လုံး ☐ | ၀-၁ မိုင် ☑ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐ |
| ရွာချင်းဆက်လမ်း | ၁ ☑ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ | ကောင်း ☐ သင့် ☑ ညံ့ ☐ | ၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက် ☑ | ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☑ | ၀-၁ မိုင် ☐ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☑ ၁၀ မိုင်အထက် ☐ |

ရင်းမြစ်    ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ကျောက်တန်းကျေးရွာ၏ရွာတွင်းလမ်းမှာ သဲမြေနီလမ်းဖြစ်ပြီး၊ ချဉ်းကပ်ရွာချင်းဆက်လမ်းမှာကျောက်မြေနီလမ်းဖြစ်ကြောင်းနှင့်သွားလာရေးအခက်အခဲမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ကျေးရွာတွင် ကုန်စည်စီးဆင်းနိုင်ရန်နှင့် လူမှုစီးပွားရေးအတွက် အဓိကအသုံးပြုသော လမလမ်

လမ်းမှာ ရွာပတ်လမ်း (ခရိုင်ချင်းဆက်၊ဗျူဟာလမ်း) တနည်းအားဖြင့် ချဉ်းကပ်လမ်းဖြစ်ပြီး ၁၉၉၉ ခုနှစ်တွင် ရွာစတင်တည်ထောင်စဉ်ကပင် လမ်းကြောင်းအရာပေးရုံမျှ ဖောက်လုပ်ခဲ့သော လမ်းဖြစ်သည်။ တောင်ကြောမှ ရေများစီးဆင်းတိုက်စားခြင်း၊မြေနိမ့်ဖြစ်ခြင်း၊လမ်းမှာ စနစ်တကျဖောက်လုပ် ထားမှုအားနည်းခြင်း၊ ရေနုတ်မြောင်းများမရှိခြင်း(ဂဝံမြေများဖြစ်သဖြင့် လူအားဖြင့် မဖောက်နိုင်ခြင်း) ချိုင့်ခွက်များဖြစ်နေပြီး တစ်နှစ်ပတ်လုံးသွားလာရခက်ခဲပါသည်။ ယင်းလမ်းသည် ရေပြာ-နွားခြံကုန်း-ငွေပေါ်-မြေနီကုန်း-ကျောက်တက်ကုန်း-ဆင်ထိုးအိုင် စသည့်ကျေးရွာများ အဓိက ကုန်ထုတ်လမ်းအဖြစ်အသုံးပြုနေသော လမ်းလည်း ဖြစ်ပါသည်။ လမ်းမှာ (အလျား ၁၃၀၀ ပေ * အနံ ၁၀ ပေ* အမြင့် ၄ ပေ) ရှိပြီး ယင်းလမ်းအား မြေနီခင်း၍ မြှင့်တင်ရန်လိုအပ်ပါသည်။အလျား ၁၃၀၀ ပေ* အနံ ၃ ပေ* အမြင့် ၃ပေ ရှိ ရေ နုတ်မြောင်း တူးဖော်ရန် လိုအပ်ပါသည်။ကျေးရွာလူထုမှ ကိုယ်ထူကိုယ်ထ နှစ်စဉ်ပြုပြင်လေ့ရှိပြီး လမ်းပြုပြင်ခြင်း၊ ရေမြောင်းဖောက်ခြင်းတို့တွင် လုပ်သားအင်အား၊ငွေကြေးတတ်နိုင်သမျှ စုဆောင်၍ ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ ရွာချင်းဆက်လမ်းမှာ သွားလာရန် လွယ် ကူချောမွေ့ပါသည်။ ကျေးရွာနှင့်(၁)မိုင် အကွာတွင်မြေနီ၊သဲတို့လွယ်ကူစွာဝယ်ယူနိုင်သည့်အင်တိုင်းတောရှိပါသည်။

**(၄-၂) ကျေးရွာ၏ တံတားတည်ရှိမှု**

**ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ**

| **တံတား အမျိုးအစား** | **အရွယ်အစား (ပေ) (အလျား၊ အနံ၊ အမြင့်)** | **အရည်အသွေး** | **တည်ဆောက်ခဲ့သောနှစ်** | **ရာသီအလိုက် သုံးစွဲနိုင်မှု** |
|---|---|---|---|---|
| ဆိပ်ခံတံတား | ၀.၀၀၊ ၀.၀၀၊ ၀.၀၀ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ကွန်ကရစ် တံတား | ၃၀.၀၀၊ ၁၀.၀၀၊ ၄.၀၀ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☑<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☑ |
| သစ်သား တံတား | ၀.၀၀၊ ၀.၀၀၊ ၀.၀၀ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

| တံတား အမျိုးအစား | အရွယ်အစား (ပေ) (အလျား၊ အနံ၊ အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ကြိုးတံတား | ၀.၀၀၊ ၀.၀၀၊ ၀.၀၀ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ဝါးတံတား | ၀.၀၀၊ ၀.၀၀၊ ၀.၀၀ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ရေပြွန် | ၀.၀၀၊ ၀.၀၀၊ ၀.၀၀ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☑<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☑ |
| ရေကျော် | ၀.၀၀၊ ၀.၀၀၊ ၀.၀၀ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

**ရင်းမြစ်    ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျောက်တန်းကျေးရွာတွင် ခရိုင်ချင်းဆက်လမ်း၌ ဂုံးတံတား (၁) စင်းရှိပြီး ကျေးလက်ဦးစီးဌာနမှ (၉) သိန်းကျပ်၊ကျေးရွာမှ ပူးပေါင်းပါဝင်ငွေ (၃) သိန်းကျပ် ထည့်ဝင်၍ ၂၀၁၈ တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ကျေးရွာတွင်းလမ်းများ ပျက်စီးမှု သက်သာစေရန်နှင့် ရေသွားရေလာ ကောင်းမွန်စေရန် ရေပြွန်များချထားပေးရန် လိုအပ်ပါသည်။ယင်းရေထွက်မြောင်းမှ အနိမ့်ပိုင်းလယ်ကွင်းများသို့ ရေထုတ်နိုင်ပြီး ကျေးရွာတွင်းလမ်း(၅) လမ်းအတွက် (အလျား ၂၀ပေ အနံ ၁ပေ)ရှိ ဖိုက်ဘာပြွန် (၁၅) လုံးခန့် လိုအပ်ပါသည်။

**(၄-၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး**

**ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ အသုံးမပြုပါ အကွက်တွင် ခြစ်ပါ)။**

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ၁ လှေ၊ သမ္ဗာန် ☐<br>၂ စက်လှေ ☐<br>၃ သင်္ဘော ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ၁ လှေ၊ သမ္ဗာန် ☐<br>၂ စက်လှေ ☐<br>၃ သင်္ဘော ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

**ရင်းမြစ်  ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။လေ့လာတွေ့ရှိချက် - ကျောက်တန်းကျေးရွာသည် ကုန်းပိုင်းဒေသဖြစ်သည့်အတွက် ရေကြောင်းလမ်းအသုံးမပြုရကြောင်းလေ့လာတွေ့ရှိရပါသည်။

**(၄-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ**

**ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ**

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | ၀ | ၀ | ၂၇ | ၆၀ | ၀ | ၀ | ၁ | ၀ | ၇၀ |

ရင်းမြစ်    အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။    ။ ကျောက်တန်းကျေးရွာ၏သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုမှာ ကုန်းပိုင်းဒေသဖြစ်၍ စက်ဘီး၊ ဆိုင်ကယ်၊ ကား၊ နွားလှည်းများဖြင့်သယ်ယူ ပို့ဆောင်ရပါသည်။

(၄) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အစက်အစဲ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | ၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ မဖြေဆို ☑ | ရှိ ☐ မရှိ ☐ |
| ဆိုလာစနစ် | ၇၃ | ကောင်း ☐ သင့် ☑ ညံ့ ☐ မဖြေဆို ☐ | ရှိ ☐ မရှိ ☐ |
| အသေးစားရေအားလျှပ်စစ် | ၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ မဖြေဆို ☑ | ရှိ ☐ မရှိ ☐ |
| ဒီဇယ်သုံးအင်ဂျင် | ၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ မဖြေဆို ☑ | ရှိ ☐ မရှိ ☐ |
| လေစွမ်းအင် | ၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ မဖြေဆို ☑ | ရှိ ☐ မရှိ ☐ |
| ဇီဝလောင်စာ | ၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ မဖြေဆို ☑ | ရှိ ☐ မရှိ ☐ |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင် သော လျှပ်စစ်ဓာတ်အားပေးစနစ် | ၀ | ကောင်း ☐ သင့် ☐ ညံ့ ☐ မဖြေဆို ☑ | ရှိ ☐ မရှိ ☐ |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၆၆ | ☒ | ☒ |

ရင်းမြစ်    (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျောက်တန်းကျေးရွာအတွင်း လျှပ်စစ်မီးရရှိသုံးစွဲနိုင်ရေးစီမံချက်အရ (၅)မိုင်အတွင်းပါဝင်ခဲ့သော်လည်း ကုန်ကျငွေတွက်ချက်မှုအရ ကျပ်သိန်းပေါင်း(၂၅၀)ခန့်ကုန်ကျမည်ဖြစ်၍ ကျောက်တန်းကျေးရွာအနေဖြင့် လက်လှမ်းမမှီနိုင်သော ကုန်ကျစရိတ် ဖြစ်နေပြီး လာမည့်၃-၄နှစ်အတွင်း လျှပ်စစ်မီးလင်းနိုင်ရန် မလွယ်ကူသည့် အခြေအနေကို လေ့လာတွေ့ရှိရပြီး ယခုအိမ်ထောင်စု(၇၃)စုမှာ ကိုယ်ပိုင်ဆိုလာများဖြင့် သုံးစွဲလျှက်ရှိပါသည်။ မီးလင်းရေးအတွက် နိုင်ငံတော်မှဖြစ်စေ ၊ပုဂ္ဂလိက လုပ်ငန်းရှင်များမှဖြစ်စေ အတိုးနှုန်း သက်သာစွာဖြင့် နှစ်ရှည် အရစ်ကျ ပြန်ဆပ်နိုင်သော ချေးငွေ ထုတ်ချေးနိုင်ရန် လိုအပ်ပါသည်။( အနီးဆုံး ၅ မိုင်အကွာရှိ မြို့ဟောင်းကျေးရွာသို့ လျှပ်စစ်မီး ရောက်ရှိပြီး၊ လျှပ်စစ်ဦးစီးဌာနမှ ကျေးရွာနှင့် ဓတ်အားလိုင်း အကွာအဝေး တိုင်းထွာပြီးစီးခြင်း)

**(ဃ) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ**

**ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း |
|---|---|---|---|---|
| အရေအတွက် | ၁၃၅ | ၄၉ | ၄၀ | ၁၂ |

**ရင်းမြစ် အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။** ။ကျောက်တန်းကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက် အလက်ဆိုင်ရာ နည်းပညာများမှာ အိမ်ထောင်စုတိုင်းတွင် တယ်လီဖုန်းများရှိပြီး ရေဒီယို၊ ဂြိုလ်တုစလောင်းများ အနည်းငယ် သုံးစွဲနိုင်သည့်အတွက် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် များရရှိနိုင်ကြောင်းလေ့လာတွေ့ရှိရပါသည်။

**(င) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး**

**ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ**

| ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ဆိုင်ရာများ | ဝန်ဆောင်မှု |
|---|---|
| လူငယ်များ အနားယူ အပန်းဖြေရန် နေရာများ ပျော်ပွဲရွှင်ပွဲ များ ရှိခြင်း | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း ☑ သင့် ☐ ညံ့ ☐ မဖြေဆိုပါ ☐ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း ☑ သင့် ☐ ညံ့ ☐ မဖြေဆိုပါ ☐ |
| အားကစားနှင့် ကာယလေ့ကျင့်ခန်းများ | ကောင်း ☐ သင့် ☐ ညံ့ |

| ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး ဆိုင်ရာများ | ဝန်ဆောင်မှု |
|---|---|
| ပြုလုပ်ရန်နေရာ နှင့် အထောက်အကူပြုပစ္စည်းများ ရှိခြင်း | ☑ မဖြေဆိုပါ ☐ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | ကောင်း ☑ သင့် ☐ ညံ့ ☐ မဖြေဆိုပါ ☐ |
| ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် ပါဝင်မှု | မရှိ ☐ နည်း ☑ များ ☐ |
| စိတ်ဝင်စားရာများကို မိမိကိုယ်တိုင် လေ့လာသင်ယူနိုင်မည့် နေရာများ၊ လူငယ်ရိပ်သာများ၊ စာကြည့်တိုက်များ စသည် တို့တွင် ဝင်ရောက် လေ့လာသင်ယူနိုင်ခြင်း | ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐ |

**ရင်းမြစ်　ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျောက်တန်းကျေးရွာ၏ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ အနားယူအပန်းဖြေရန်အားကစားကွင်း၊ပန်းခြံများမရှိကြောင်းနှင့်ပျော်ပွဲရွှင်ပွဲများကျင်းပရန်နေရာမရှိကြောင်း၊ လူမှုရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဘာသာရေးလုပ်ငန်းများ တွင် ပါဝင်မှုအ သင့်အနေအထားရှိပါသည်။ စိတ်ဝင်စားစရာများကို မိမိကိုယ်တိုင်လေ့လာသင်ယူနိုင်မည့် လူငယ်ရိပ်သာများ၊ စာကြည့်တိုက်များမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာမှ လူငယ်များသည် ရံဖန်ရံခါ ဘောလုံးကန်ခြင်း၊ ခြင်းခတ်ခြင်းတို့ကိုဘောလုံးကွင်းတွင်ကစားကြသည်။လူမှုရေး၊ဘာသာရေးလုပ်ငန်းများ၊ဖွံ့ဖြိုးရေးလုပ်ငန်း တို့တွင် ပါဝင်မှုအားကောင်းကြပါသည်။ (၁၂)လရာသီပွဲတော်များကို ကျင်းပလေ့ရှိကြပြီး လေ့လာသင်ယူရန်နေရာ အလွန်ရှားပါးပါသည်။ပညာတတ်များနည်းပါးခြင်း၊ရှေ့ဆောင်လမ်းပြ ဆွေးနွေးဦး ဆောင်နိုင်မည့်သူမရှိခြင်း၊ စာအုပ်စာပေများကို လက်လှမ်းမီမှုအားနည်းခြင်း၊ နေ့စဉ်ဝင်ငွေရရှိရေးကိုသာ အဓိကထားနေရခြင်း တို့ကြောင့် လူငယ်များ အသိပညာရှိမှု၊ဖွံ့ဖြိုးမှုအားနည်းပါသည်။သို့ရာတွင် ကျေးရွာ ရပ်မိရပ်ဖများ၊ လူငယ်များမှာ ဖွံ့ဖြိုးတိုးတက်လိုစိတ်များရှိပါ သည်။

**(ဏ) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ**

**(ဏ-၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု**

**ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု**

| **ဝန်ဆောင်မှုများ** | **ရှင်းလင်းချက်** | | |
|---|---|---|---|
| တယ်လီဖုန်းလိုင်း၊ တယ်လီဖုန်းတာဝါတိုင်များ၊ ကြေးနန်းလိုင်း၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်း စသော ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ဖြန့်ဝေခြင်း ဆိုင်ရာ အထောက်အကူပြု အဆောက်အဦများရှိခြင်း | ရှိ ☑ | မရှိ ☐ | မဖြေဆိုပါ ☐ |
| အာမခံလုပ်ငန်းများ၏ ဝန်ဆောင်မှုများကို ရရှိနိုင်ခြင်း | ရှိ ☐ | မရှိ ☑ | ဖြေဆိုပါ ☐ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | ရှိ ☑ | မရှိ ☐ | မဖြေဆိုပါ ☐ |
| မှုခင်းများ ကာကွယ်တားဆီး လျှော့ချရေးအတွက် ရဲဘက်ဆိုင်ရာများမှ ဝန်ဆောင်မှုပေးခြင်း | ရှိ ☐ | မရှိ ☑ | မဖြေဆိုပါ ☐ |

**ရင်းမြစ်  ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။**

**လေ့လာတွေ့ရှိချက်။**  ။ကျောက်တန်းကျေးရွာ၏ ဘေးကင်းလုံခြုံရေးဝန်ဆောင်မှု လက်လှမ်းမှီမှုမှာ ရွာ၏ သုံးမိုင်ခန့်အကွာတွင် တာဝါတိုင်ရှိပါသည်။ တယ်လီဖုန်းလိုင်း၊ အင်တာနက်လိုင်း၊ ဆက်သွယ်ရေး သတင်းအချက်အလက်များရရှိနိုင်ပါသည်။ ရုပ်မြင်သံကြား၊ ရေဒီယို လိုင်းများလည်း အထောက်အကူပြုပါသည်။ ကြာနီကန်ရဲကင်း( ကျေးရွာနှင့် ၅ )မိုင်အကွာအား ကောင်းစွာ ဆက်သွယ်နိုင်ပြီး မိနစ်(၃၀) အတွင်း ဝန်ဆောင်မှုရရှိနိုင်ပါသည်။ တခြားအာမခံလုပ်ငန်း၊ လူထုအခြေပြုသဘာဝဘေးအန္တရာယ် မှုခင်း ကာကွယ်တားဆီးလျှော့ချရေး ဝန်ဆောင်မှုများမရှိဟု လေ့လာတွေ့ရှိရပါသည်။ သဘာဝဘေး အန္တရာယ် အနေဖြင့် လေပြင်းတိုက်ခတ်ခြင်းများ ကြုံရလေ့ရှိပြီး ယခင်နှစ်များက အိမ်ပြိုသည်အထိ တွေ့ရသည်။ ယခုအခါ သစ်ပင်များ စိုက်ပျိုးလာကြသဖြင့် လေဒဏ်အနည်းငယ်သက်သာလာပါသည်။

**(ဏ-၂) မှုခင်းဖြစ်ပွားမှု**

**ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ**

| စဉ် | မှုခင်းအမျိုးအစား | မှုခင်းဖြစ်ပွားမှု အခြေအနေ | | |
|---|---|---|---|---|
| ၁ | လူကုန်ကူးမှု | စိုးရိမ်ရသည် ☐ | သာမန် ☐ | မရှိ ☑ |
| ၂ | ခိုးမှု | စိုးရိမ်ရသည် ☐ | သာမန် ☑ | မရှိ ☐ |
| ၃ | မူးယစ်ဆေးသုံးစွဲမှု | စိုးရိမ်ရသည် ☐ | သာမန် ☑ | မရှိ ☐ |
| ၄ | အကြမ်းဖက်မှု | စိုးရိမ်ရသည် ☐ | သာမန် ☐ | မရှိ ☑ |

**ရင်းမြစ် ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။လေ့လာတွေ့ရှိချက် - ကျောက်တန်းကျေးရွာတွင် မှုခင်းဖြစ်ပွားမှု၊ လူကုန်ကူးမှု၊ အကြမ်းဖက်မှု စသည်တို့မရှိပါ။ ကျေးရွာတွင် သာမန်ခိုးမှု အနည်းငယ်သာတွေ့ရှိရပြီး မူးယစ်ဆေးသုံးစွဲမှု အနေဖြင့် အရက်သေစာ သောက်စားမှုမျှသာရှိပါသည်။